# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၅၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စာဆိုဗိမာန် အဆောက်အဦဖွင့်ပွဲအခမ်းအနားသို့တက်ရောက်

နေပြည်တော် မတ် ၄

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ စာဆိုဗိမာန်အဆောက်အဦ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိ အဆိုပါအဆောက်အဦ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး၊ အနုပညာနယ်ပယ် အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမောင်မောင်အုန်း၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က စာဆိုဗိမာန် RC သုံးထပ် အဆောက်အဦကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁ ◆*





နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့ စာဆိုဗိမာန်အဆောက်အဦ ကမ္ပည်းမော်ကွန်းကျောက်တိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။


**ယနေ့ ဖတ်စရာ**

**နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဌာန်း**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဌာန်း** — ဥပဒေ — စာ ၃

**မိုဘိုင်းလက်ကိုင်ဖုန်း၏ IMEI မှတ်ပုံတင်ခြင်းကို နိုင်ငံအများတွင် ဆောင်ရွက်နေမှုများ** — ဆောင်းပါး — စာ ၆

**စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူသို့ အသိပေး ကြေညာချက်အား ဖြည့်စွက်ထုတ်ပြန်ခြင်း** — ပြည်တွင်းသတင်း — စာ ၉

**စက်သုံးဆီနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြည်သူသို့ အသိပေးပြောကြားချက်** — ပြည်တွင်းသတင်း — စာ ၁၁


## နေ့အပူချိန် မြင့်မားခဲ့သော စခန်းများ၏ ၄-၃-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁ | ချောက်မြို့ | ၃၈.၂ | ၁၀၀.၈ |
| ၂ | ကော့ကရိတ်မြို့ | ၃၇.၄ | ၉၉.၃ |
| ၃ | ပြည်မြို့ | ၃၇.၀ | ၉၈.၆ |
| ၄ | မင်းဘူးမြို့ | ၃၆.၈ | ၉၈.၂ |
| ၅ | မြဝတီမြို့ | ၃၆.၈ | ၉၈.၂ |
| ၆ | သိမ်ဖြူမြို့ | ၃၆.၈ | ၉၈.၂ |
| ၇ | ရန်ကုန်(မင်္ဂလာဒုံမြို့နယ်) | ၃၆.၇ | ၉၈.၁ |
| ၈ | ရန်ကုန်(ဗိုလ်တထောင်မြို့နယ်) | ၃၆.၇ | ၉၈.၁ |
| ၉ | တောင်ငူ(လေကြောင်းမိုးလေဝသ) | ၃၆.၇ | ၉၈.၁ |
| ၁၀ | နေပြည်တော်(ဇေယျာသီရိမြို့နယ်) | ၃၆.၆ | ၉၇.၉ |
| ၁၁ | တောင်ငူမြို့ | ၃၆.၆ | ၉၇.၉ |

# ရေရှည်အတွက် ခြိုးခြံချွေတာ စက်သုံးဆီအတွက် ပူပန်ရန်မလို

စက်သုံးဆီကိစ္စ စိုးရိမ်ပူပန်ဖွယ်ရာမရှိကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်သူသို့ အသိပေးထုတ်ပြန်လိုက်ပြီဖြစ်သည်။ သို့ရာတွင် လက်ရှိကမ္ဘာ့နိုင်ငံရေး အခြေအနေအရလည်းကောင်း၊ ဆက်လက်၍ ဖြစ်လာနိုင်ဖွယ်ရှိသည့် အခြေအနေများကို တွက်ဆ၍ လည်းကောင်း တတ်နိုင်သမျှ ခြိုးခြံချွေတာကြခြင်းဖြင့် လက်ထဲတွင်ရှိနေသည့် စက်သုံးဆီကို ရေရှည်ဆွဲဆန့်၍ အသုံးပြုကြခြင်းက အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။

လတ်တလော ကမ္ဘာ့သတင်းများတွင် တွေ့မြင်နေကြရသည့် အရှေ့အလယ်ပိုင်းဒေသ စစ်ရေးပဋိပက္ခသတင်းမှာ မြန်မြန်ဆန်ဆန် ပြီးငြိမ်းသွားမည့် လက္ခဏာကို မတွေ့ရသေး။ တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့် ဒေသမှာ ကမ္ဘာ့ကုန်သွယ်ရေးနှင့် ရေနံ၊ စက်သုံးဆီတို့ အဓိက သယ်ယူပို့ဆောင်နေသည့် ရေလမ်းကြောင်းကြီး တစ်လျှောက်တွင် ဖြစ်နေသည်။ ပုံမှန်မဟုတ်ဘဲ အခက်အခဲ၊ အကျပ်အတည်း ကျရောက်သည့် အခြေအနေမျိုးတွင် လိုအပ်သည့်တုံ့ပြန်ဆောင်ရွက်မှုတစ်မျိုးမျိုးကို နိုင်ငံတိုင်းက ကိုယ့်အစီအစဉ်နှင့်ကိုယ် ဆောင်ရွက်ကြမည်သာဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက မတ်လ ၃ ရက်တွင် စက်သုံးဆီခြိုးခြံချွေတာ သုံးစွဲရေးအတွက် ပြည်သူသို့ အသိပေးကြေညာချက်ကို ထုတ်ပြန်လိုက်သည်။ အဆိုပါ အသိပေးကြေညာချက်အရ လစဉ် "စုံ" ရက်များတွင် စုံနံပါတ်အက္ခရာပါသော ( ဥပမာ 2A/......၊ 4A/......စသည်ဖြင့်) ယာဉ်များ၊ "မ" ရက်များတွင် မနံပါတ်အက္ခရာပါသော (ဥပမာ 1A/......၊ 3A/......စသည်ဖြင့်) ယာဉ်များသာ မောင်းနှင်အသုံးပြုကြရန်ဖြစ်ပြီး အဆိုပါကန့်သတ်ချက်မှာ ပုဂ္ဂလိကပိုင်ယာဉ်များအပေါ်တွင်သာ သက်ရောက်မှုရှိမည်ဖြစ်သည်။ EV မော်တော်ယာဉ်၊ EV မော်တော်ဆိုင်ကယ်များ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ တက္ကစီများ၊ စက်သုံးဆီသယ်ယာဉ်များ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ၊ လူနာတင်ယာဉ်/ နိဗ္ဗာန်ယာဉ်/ စည်ပင်အမှိုက်သိမ်းယာဉ်များ စသည်တို့မှာ နေ့စဉ်ပုံမှန်အသုံးပြုနိုင်ကြသည်။

ခြိုးခြံချွေတာရေး ဆိုသည့်စကားလုံးမှာ မိသားစုအတွင်း၌ပင်လျှင် လူကြိုက်နည်းသည့် စကားလုံးမျိုး ဖြစ်တတ်သည့်အလျောက် ယခု စက်သုံးဆီခြိုးခြံချွေတာရေးဟုဆိုရာတွင်လည်း တုံ့ပြန်မှုတို့အမျိုးမျိုး ရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ လမ်းမများပေါ်တွင် ကိုယ်ပိုင်ကား အချို့ လျော့နည်းသွားခြင်းမှလွဲလျှင် ကျန်သည့်ကိုယ်ပိုင်ကားများ၊ ဘတ်စ်ကားများ၊ ဖယ်ရီများ၊ တက္ကစီများ၊ ဆီဘောက်ဆာများ၊ ကုန်တင်ယာဉ်များ၊ လူနာတင်ယာဉ်၊ အမှိုက်သိမ်းယာဉ်များ ပုံမှန်အတိုင်း သွားလာနေသည်ကို မြင်တွေ့နေရမည်ဖြစ်သည်။ မိမိတို့ကိုယ်ပိုင်ကား ရပ်နားရမည့်နေ့တွင် အိမ်တွင်ရပ်နားထားကြခြင်းဖြင့် မိမိတို့၏ ငွေကြေး/စက်သုံးဆီ ချွေတာရာရောက်စေသည့်အပြင် နိုင်ငံအကျိုး၊ ပြည်သူအကျိုးအတွက် ရေရှည်တွက်ဆ ဆောင်ရွက်ချက်ကို ဝိုင်းဝန်းကူညီကြရာလည်း ရောက်သည်ဖြစ်ရာ ကြည်ကြည်ဖြူဖြူ ပူးပေါင်းပါဝင် ကူညီကြရန် မေတ္တာရပ်ခံလိုသည်။

ပြည်သူလူထုအတွင်း လှုပ်လှုပ်ရွရွ ဆိုသည်နှင့် ကောလာဟလတို့က ထွက်ပေါ်မြဲဖြစ်သလို မသမာသူတို့ကလည်း တို့မီးရှို့မီးလုပ်၍ သွေးထိုးလှုံ့ဆော်လေ့ရှိသည်ကိုလည်း သတိပြုကြရမည်ဖြစ်သည်။ ယခုစက်သုံးဆီ ခြိုးခြံချွေတာရေး အစီအစဉ်သည် မိမိတို့နိုင်ငံတွင် အရန်စက်သုံးဆီ မရှိ၍မဟုတ်ဘဲ ကမ္ဘာ့နိုင်ငံရေး အခြေအနေများအရ အနည်းဆုံးအတိုင်းအတာဖြင့် ကန့်သတ်ခြင်းဟု ဆိုနိုင်သည်။ လက်ရှိ မိမိတို့နိုင်ငံတွင် အရန်စက်သုံးဆီ ရက် ၄၀ စာ ရှိနေပြီးဖြစ်ရာ ခြိုးခြံချွေတာခြင်းအားဖြင့် ၄၅ ရက်၊ ရက် ၅၀ စသည်ဖြင့် သုံးစွဲလာနိုင်မည်ဖြစ်သည်။ ထို့အပြင် ဆိပ်ကမ်းရောက် ဆီတင်သင်္ဘောများ၊ လမ်းတွင်လာရောက်နေဆဲ ဆီတင်သင်္ဘောများ၊ ပြည်တွင်းစက်သုံးဆီ မပြတ်လပ်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည့် အစီအစဉ်များ စသည်တို့ရှိနေရာ ပြည်သူများ စိုးရိမ်ပူပန်မှုရှိဖို့မလိုဟု ထပ်မံတိုက်တွန်းလိုသည်။

စက်သုံးဆီကို နိုင်ငံတိုင်းတွင် သုံးစွဲနေကြရဆဲဖြစ်ရာ ပုံမှန်လမ်းကြောင်း၊ ပုံမှန်နိုင်ငံများ ပိတ်ဆို့မှုဖြစ်ပါက အခြားလမ်းကြောင်း၊ အခြားနိုင်ငံများမှ အစားထိုး ဝင်ရောက်လာမည်သာဖြစ်သည်။ သို့ဖြစ်ရာ ကမ္ဘာ့ဈေးကွက်တွင် စက်သုံးဆီ ပြတ်လပ်သွားခြင်း မရှိနိုင်ဘဲ ဈေးနှုန်းအတက်အကျသာ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်နိုင်မှုအပေါ် စိုးရိမ်ပူပန်မှု မဖြစ်ရန်၊ စက်သုံးဆီ အရောင်းဆိုင်များတွင် ပုံမှန်အတိုင်းဝယ်ယူကြရန်၊ စက်သုံးဆီ အရောင်းဆိုင်အားလုံး ပုံမှန်ဖွင့်လှစ်ရောင်းချရန်၊ မရောင်းသည့်ဆိုင်များရှိပါက သက်ဆိုင်ရာသို့ တိုင်ကြားရန် အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

☆ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

☆ တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

**၄ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅ - ၃ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၁၅ | ၂၅၃၀ | ၂၄၈၅ | ၂၄၃၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၇၀ | ၂၄၉၀ | ၄၅၀၅ | ၂၇၈၀ | ၂၅၀၅ | ၂၆၆၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၆၅ | ၂၈၂၀ |
| 95 Ron | ၂၄၀၀ | ၂၅၉၀ | ၂၅၆၀ | ၂၄၈၅ | ၂၆၀၀ | ၂၆၀၅ | ၂၆၃၀ | ၂၅၅၀ | ၄၅၆၀ | ၂၈၄၅ | ၂၅၆၅ | ၂၇၃၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၂၅ | ၂၈၀၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၀၀ | ၂၆၄၅ | ၂၅၀၀ | ၂၆၀၅ | ၂၇၀၀ | ၂၇၂၀ | ၂၆၃၅ | - | ၂၉၃၀ | ၂၆၅၅ | ၃၀၃၅ | ၂၇၂၅ | ၂၆၉၀ | ၂၇၃၀ | ၂၉၇၀ |
| HSD (50 ppm) | ၂၈၄၅ | ၂၉၆၀ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၀ | ၂၉၁၅ | ၄၈၃၀ | ၃၂၁၀ | ၂၉၃၅ | ၃၀၇၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၈၄၅ | ၂၉၆၀ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၀ | ၂၉၁၅ | - | ၃၂၁၀ | ၂၉၃၅ | ၃၀၇၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၆၃ | ၂၃၄၂ |
| 95 Ron | ၂၃၂၃ | ၂၄၀၃ |
| HSD (500 ppm) | ၂၄၀၈ | ၂၄၈၆ |
| HSD (50 ppm) | ၂၆၇၉ | ၂၇၆၂ |
| HSD (10 ppm) | ၂၆၇၉ | ၂၇၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
ဒုတိယစာတည်းမှူးချုပ် - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၀/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နေပြည်တော်ကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ)အား အောက်ပါအတိုင်း အစားထိုးရမည်-

“(ဂ) ကောင်စီဝင်တစ်ဦးအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။”

၃။ နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ) အား ပုဒ်မခွဲ(ဃ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ်(၁၁/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဦးရေကို အနည်းဆုံး ငါးဦးမှ အများဆုံးတစ်ဆယ်ဦးအထိ သတ်မှတ်တာဝန်ပေးရမည်။ ယင်းသို့ သတ်မှတ်သောဝန်ကြီးဦးရေအတွင်း တိုးခြင်းနှင့် လျှော့ခြင်းများပြုနိုင်သည်။ ဝန်ကြီးများ သတ်မှတ်တာဝန်ပေးအပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွက်နှင့် မန္တလေးတိုင်းဒေသကြီးအတွက် ဝန်ကြီးတစ်ဦးစီကို မြို့တော်ဝန်အဖြစ်တာဝန်ပေးအပ်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြို့တော်တွင် မြို့တော်ဝန်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ထွန်း ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးသည်။



### အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ကျောက်တောင်ရပ် မန္တလေး-လားရှိုးကားလမ်းမကြီးဘေး ရပ်ကွက်ကြီး(၅)ရှိ ပြင်ဦးလွင်မြို့နယ်သမဝါယမအသင်းစုပိုင် ခြံဝင်းတွင် “မဂဒူ” ဆောက်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းနှင့် ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစုတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော “အမ်”ဟိုတယ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သမဝါယမဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့်အတွက် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရန်အတွက် ဟိုတယ်အဆင့်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိဟို တယ်အခန်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သို့မှသာ ဧည့်သည်များ ပိုမိုတည်းခိုနိုင်မည်ဖြစ်ပြီး သမဝါယမအသင်းအတွက်လည်း ဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသရှိ လူငယ်များအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းနှင့် အသစ်တိုးချဲ့ဆောင်ရွက်မည့်အစီအမံများ ရေးဆွဲတင်ပြသွားရန် ဆွေးနွေးမှာကြားသည်။

### တွေ့ဆုံအားပေးစကားပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာန လေးခုမှ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဝန်ထမ်းများ၏ အခက်အခဲများကို မေးမြန်း၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ကြီးကိုင်ကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာတွင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာယာယီ ရှင်းလင်းဆောင်၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဒေသခံတောင်သူများအနေဖြင့် စိတ်တူကိုယ်တူဆန္ဒတူသူများ စုပေါင်း၍ သမဝါယမအသင်းများဖွဲ့စည်းကာ စီးပွားဖြစ် လယ်ယာကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် ဆောင်ရွက်သည့် တောင်သူများကို လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ သွင်းအားစုများကို စိုက်ပျိုးချိန်မီ ရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ချိတ်ဆက်ဆောင်ရွက်ပေးမည်

ဆက်လက်၍ အဆိုပါ ကြီးကိုင်ကျေးရွာ၌ သံဂဟေဆက်နည်းသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသည့် အောင်အောင်သံပန်းသံတံခါးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး အရင်းအနှီးများလိုအပ်ပါက ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာ(၄)ရပ်ကွက်ရှိ အိမ်ခြေ ၅၈၅ အိမ်၊ လူဦးရေ ၂၅၀၀ ကျော်နှင့် စိုက်ပျိုးမြေဧက ၂၅၀၀ တို့ကို အကျိုးပြုပေးနိုင်မည့် ညောင်နီ-ပိန္နဲကုန်း(တ)မှ အင်ကြီးကျေးရွာသို့ ဆက်သွယ်ပေးထားသည့် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

◆ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က စာဆိုဗိမာန်အဆောက်အဦကမ္ပည်းမော်ကွန်းကျောက်တိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး ဂုဏ်ပြုအထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြကာ စာဆိုဗိမာန်အဆောက်အဦကမ္ပည်းမော်ကွန်းကြေးပြားအား နံ့သာရည်များပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အဆောက်အဦအတွင်း ပြသထားသည့် စာပေ၊ဂီတ၊ သဘင်၊ ရုပ်ရှင် အနုသုခုမလက်ရာများနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စာဆိုဗိမာန်အဆောက်အဦ ဒုတိယထပ်ရှိ Theatre ခန်းမ၌ စာဆိုဗိမာန်တည်ဆောက်ခဲ့မှု မှတ်တမ်း Video Clip ကို ပြသသည်။

**စာပေနှင့်ထိန်းကျောင်းလေ့ကျင့်ပေး**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က စာဆိုဗိမာန်အဆောက်အဦသစ်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယနေ့တွင် စာပေနှင့်အနုပညာရှင်များအတွက် စာဆိုဗိမာန်ကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝစေပါကြောင်း၊ မိမိတို့နိုင်ငံသည် သရေခေတ္တရာ၊ ပျူယဉ်ကျေးမှုမှစ၍ ခေတ်အဆက်ဆက်တိုင် စာပေနှင့်ယဉ်ကျေးမှု ထွန်းကားပြန့်ပွားရာ ဘူမိနက်သန်တစ်ခုဖြစ်ခဲ့ကြောင်း၊ စာပေသည် နိုင်ငံ့ယဉ်ကျေးမှု၏ မျက်နှာစာဖြစ်ပြီး စာပေကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံသူနိုင်ငံသားများ၏ နှလုံးရည်နှင့် ဉာဏ်ရည်များဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူငယ်၊ လူရွယ်များ အသိဉာဏ်ပြည့်ဝစေရန်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ထက်သန်စေရန် စာပေနှင့်ထိန်းကျောင်းလေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၏ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ရိုးရာအမွေအနှစ်များနှင့် အတွေးအမြင်များကို ရေးသားမှတ်တမ်းပြုကြသည့် ရဟန်းစာဆို၊ လူပညာရှိတို့၏ ကျေးဇူးတရားကိုလည်း ချန်လှပ်ထား၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် စာဆိုဗိမာန်အဆောက်အဦတွင် ၎င်းတို့၏ ဂုဏ်ကျေးဇူးကို တန်ဖိုးထားအသိအမှတ်ပြုသည့်အနေဖြင့်သာမက မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းမျှဝေနိုင်စေရန် စာပေနှင့်အနုပညာများ စုစည်းထားရှိရာနေရာတစ်ခုအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည့်အပြင် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် မြန်မာမှုနယ်ပယ်မှ အနုပညာရှင်များအတွက်ပါ ဂုဏ်ပြုဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဖွင့်လှစ်နိုင်ရန် နိုင်ငံတော်အကြီးအကဲကိုယ်တိုင်တက်ရောက်ခဲ့၍ ရတနာပန္နက်တော်စိုက်ထူပေးခဲ့ပြီး ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် မိတ်ဆွေအိန္ဒိယနိုင်ငံအစိုးရကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုသည့်အနေဖြင့် စာပေဆုအမျိုးအစားများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်း ခေတ်ကာလနှင့်လျော်ညီစွာ ထိုက်ထိုက်တန်တန် တိုးမြှင့်ချီးမြှင့်ပေးလျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် စာဆိုဗိမာန်ကြီးတွင် ခေတ်အဆက်ဆက် မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အထောက်အထားများ၊ နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည့် စာပေဆုအမျိုးအစားများနှင့် ဆုတံဆိပ်များ၊ ဆုရစာအုပ်များ၊ စာပေပညာရှင်ကြီးများ၏ မှတ်တမ်းများ၊ အနုပညာနယ်ပယ်များအလိုက် ပြခန်း၊ ပြကွက်များ၊ စာပေဟောပြောပွဲများနှင့် နှီးနှောဖလှယ်ပွဲများ ကျင်းပနိုင်မည့် (Mini Theatre) ခန်းမငယ်တို့ ထည့်သွင်းထားသည့်အတွက် စာပေအနုပညာလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် မြန်မာမှု အနုသုခုမလက်ရာများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေကြသည့် ရဟန်းကဝိ၊ လူပညာရှိနှင့် အနုပညာရှင်များအနေဖြင့် သက်ဆိုင်ရာအခန်းကဏ္ဍများအလိုက် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အနုသုခုမလက်ရာများဖြင့် ဆက်လက်အကျိုးပြု ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ စာဆိုဗိမာန်အဆောက်အဦ တည်ဆောက်နိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဝမ်းမြောက်ဂုဏ်ပြုအမှာစကား Video Clip ကို ပြသပြီး အိန္ဒိယနိုင်ငံသံအမတ်ကြီးက အဆောက်အဦတည်ဆောက်ရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ရခြင်းအတွက် ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဆောက်အဦဖွင့်ပွဲ အခမ်းအနား အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အား နေရာအရောက်ပေးအပ်သည်။

ထို့နောက် အဆောက်အဦဖွင့်ပွဲ အခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အိန္ဒိယနိုင်ငံ သံအမတ်ကြီးအားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အိန္ဒိယနိုင်ငံ သံအမတ်ကြီးကလည်းကောင်း အသီးသီးပေးအပ်ကြသည်။

ယင်းနောက် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က စာဆိုဗိမာန်အဆောက်အဦ ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် အိန္ဒိယနိုင်ငံမှ ယဉ်ကျေးမှုအဖွဲ့နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတို့မှ အကအဖွဲ့တို့၏ ဂုဏ်ပြုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက် ပြောင်းရွှေ့ဖွင့်လှစ်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စာဆိုဗိမာန်အဆောက်အဦသစ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားစဉ်။

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ သဘောထားထုတ်ပြန်ချက်

ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်ကို (KIA) အဖွဲ့နှင့်(PDF)အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက (FPV Suicide Drone) များ အသုံးပြု၍ လေယာဉ်အမှုထမ်းများနှင့်ခရီးသည်များ သေဆုံးစေရန်ရည်ရွယ်ချက်ဖြင့် ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့က ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဝမ်းနည်းဖွယ်ရာကြားသိရပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့လိုလားချက်များကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းများဖြင့်ရယူရန် ကြိုးပမ်းခြင်းထက်၊ ငြိမ်းချမ်းရေးစားပွဲဝိုင်းမှ အခြေခံဥပဒေနှင့်အညီ နိုင်ငံရေးနည်းလမ်းအရ အေးချမ်းစွာညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းဆောင်ရွက်သင့်သည်ဟု မိမိတို့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ခံယူပါသည်။

သို့ဖြစ်ရာ စစ်ရေးနှင့်သက်ဆိုင်ဆက်နွယ်မှုမရှိသော အရပ်ဘက်လေကြောင်းလိုင်းလေယာဉ်အား အကြမ်းဖက်တိုက်ခိုက်မှုကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**

**ရက်စွဲ၊ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်**




## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်ကြီး၏ အထွတ်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပ

**မန္တလေး မတ် ၄**

မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်း ပထမပြန် စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

**တက်ရောက်ကြည်ညို**

အဆိုပါ အခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စေတနာရှင် အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်က ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်ကြီး အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ ရွှေကြာသင်္ကန်းတော်နှင့် သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကိုသံဃာတော်များထံ ဆက်ကပ်သည်။

**နာယူကြည်ညို**

ယင်းနောက်သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့်ဇနီးတို့သည် သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပူဇော်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပူဇော်သည်။



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး သီတဂူဆရာတော်ကြီးထံ ရတနာစိန်ဖူးတော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်စဉ်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ထို့နောက် အမှုဆောင်ချုပ်နှင့် ဧည့်ပရိသတ်များသည် သီတဂူဆရာတော်ဘုရားကြီးထံမှ သမ္ဗောဒနီယ သာရဏီယ ဩဝါဒကထာနာယူပြီး မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အမှုဆောင်ချုပ်နှင့်ဇနီး ဦးဆောင်သည့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ ခေတ္တအပူဇော်ခံမဏ္ဍပ်နေရာသို့ ပို့ဆောင်ကြသည်။

**သိဒ္ဓိမင်္ဂလာဆင်ယင်**

ဆက်လက်၍ အမှုဆောင်ချုပ်နှင့်ဇနီး၊ ဦးဆောင်သော အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာဆင်ယင်ကြသည်။

ထို့နောက် ဥပါသကာများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ကြပြီး အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**ဗုဒ္ဓါဘိသေက အနေကဇာတင်**

ဆက်လက်၍ သီတဂူဆရာတော်ကြီးက ဦးဆောင်၍ ပင့်သံဃာ၁၀၈ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။

အခမ်းအနားအပြီးတွင် အမှုဆောင်ချုပ်နှင့်ဇနီး ဦးဆောင်သော အဖွဲ့ဝင်များသည် ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့်အဖွဲ့သည် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၃၅၈၊ ၁ဖာလုံနှင့် ၃ ဖာလုံကြားရှိ အရှည်ပေ ၁၀၀၀ သံကူကွန်ကရစ်တံတား ဒုဋ္ဌဝတီတံတားသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လေးလမ်းသွား တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ Bored Pile ကွန်ကရစ်လောင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် အမှုဆောင်ချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးစေရေး၊ တည်ဆောက်ရေးကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့နှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်အဖွဲ့ဝင်များ ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၃၅၈၊ ၁ ဖာလုံနှင့် ၃ ဖာလုံကြားရှိ အရှည်ပေ ၁၀၀၀ သံကူကွန်ကရစ်တံတား ဒုဋ္ဌဝတီတံတားသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# မိုဘိုင်းလက်ကိုင်ဖုန်း၏ IMEI မှတ်ပုံတင်ခြင်းကို နိုင်ငံအများတွင်ဆောင်ရွက်နေမှုများ

**ဆောင်းလေပြေ**

### IMEI ဆိုတာ ဘာလဲ

International Mobile Equipment Identity–IMEI ဆိုသည်မှာ မိုဘိုင်းလက်ကိုင်ဖုန်းတစ်ခုစီအတွက် သီးခြားသတ်မှတ်ထားသော ယေဘုယျအားဖြင့် နံပါတ် ၁၅ လုံးပါ ကုတ်တစ်ခုဖြစ်ပါသည်။ IMEI ကို မိုဘိုင်းအော်ပရေတာကွန်ရက်အတွင်း မိုဘိုင်းလက်ကိုင်ဖုန်းအပါအဝင် မိုဘိုင်းဆက်သွယ်ရေးကွန်ရက် အထောက်အကူပြုပစ္စည်းများ အချင်းချင်းဆက်သွယ်ရာတွင် အသုံးပြုပါသည်။

ဆိုလိုသည်မှာ မိုဘိုင်းအော်ပရေတာများ၏ စနစ်တွင် မိုဘိုင်းလက်ကိုင်ဖုန်းတစ်လုံးစီကို IMEI နှင့် SIM ကတ်တွဲလျက်သိရှိပြီးဖြစ်ပါသည်။ IMEI ကိုသိရှိရုံနှင့် မိုဘိုင်းလက်ကိုင်ဖုန်းထဲမှ အချက်အလက်များ ရယူသွားမည်ဆိုသည့်အထောက်အထားမရှိပါ။ မိုဘိုင်းလက်ကိုင်ဖုန်းတစ်ခု၏ IMEI မှ ၎င်းဖုန်း၏ စံသတ်မှတ်ချက်ဖြစ်သည့် (ဖုန်းအမျိုးအစား/ ထုတ်လုပ်သည့် Brand / Model Code နံပါတ်) များကိုသာ သိရှိနိုင်မည်ဖြစ်ပါသည်။


တစ်နည်းအားဖြင့် IMEI နံပါတ်များသတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော မိုဘိုင်းဟန်းဆက်များနှင့်သက်ဆိုင်သည့် အချက်အလက်များကို မိုဘိုင်းဟန်းဆက်ကုမ္ပဏီ/ ထုတ်လုပ်သူ (Maker)၊ အမှတ်တံဆိပ် (Brand)၊ မော်ဒယ် (Model)၊ ထုတ်လုပ်သည့်နိုင်ငံ စသည့် အချက်များကို သိရှိနိုင်ရန် ခွဲခြားသတ်မှတ်ထားခြင်းဖြစ်ပါသည်။ IMEI နံပါတ်သည် မိုဘိုင်းလက်ကိုင်ဖုန်းထုတ်လုပ်သည့်အချိန်ကတည်းက ထည့်သွင်းထားသောအချက်အလက်များဖြစ်ပြီး ဖုန်းပိုင်ရှင်၏ အမည်၊ လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် SIM ကတ်/ဖုန်းနံပါတ်အစရှိသော အသုံးပြုသူနှင့်သက်ဆိုင်သည့် အချက်အလက်များ ပါဝင်ခြင်းမရှိပါ။

### IMEI ကိုဘယ်လို သိနိုင်သလဲ

IMEI ဂဏန်း ၁၅ လုံးအနက် ပထမ ၈ လုံးသည် မိုဘိုင်းလက်ကိုင်ဖုန်း၏ အမျိုးအစားနှင့် မော်ဒယ်ကို ဖော်ပြပါသည်။ ၉ လုံးမြောက်ဂဏန်းအပါအဝင် ၆ လုံးသည် မိုဘိုင်းလက်ကိုင်ဖုန်း ထုတ်လုပ်သူမှသတ်မှတ်သော Serial နံပါတ်များဖြစ်ပြီး ကျန်ဂဏန်းများသည် နည်းပညာအရ စစ်ဆေးခြင်းလုပ်ငန်းအတွက် နံပါတ်များဖြစ်ပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်းတစ်လုံးအတွက် IMEI သီးခြား သတ်မှတ်ထားမှုကို *#06# နှိပ်၍ ဖုန်းခေါ်ဆိုခြင်းဖြင့်လည်းကောင်း၊ မိုဘိုင်းလက်ကိုင်ဖုန်း Setting တွင် ကြည့်ရှု၍လည်းကောင်း၊ စတင်ဝယ်ယူစဉ်က ဘူးခွံပါ Barcode တွင်လည်းကောင်း သိရှိနိုင်ပါသည်။

### IMEI မှတ်ပုံတင်ခြင်းကြောင့် သုံးစွဲသူများ အကျိုးရှိစေမှာလား

IMEI မှတ်ပုံတင်ခြင်းဆိုသည်မှာ အစိုးရဌာနတစ်ခုခုမှ မိုဘိုင်းလက်ကိုင်ဖုန်း တစ်ခုချင်းစီအတွက် IMEI မှတ်ပုံတင်ရန် ဆောင်ရွက်ထားခြင်းကိုဆိုလိုပြီး မိုဘိုင်းလက်ကိုင်ဖုန်း ခိုးယူခံရခြင်း၊ ပျောက်ဆုံးခြင်းနှင့် သတ်မှတ်စံချိန်စံညွှန်းဖြင့် ကိုက်ညီခြင်းမရှိသော ဖုန်းအတုများကို မှတ်ပုံတင်ထားသည့် IMEI ကို စီမံခန့်ခွဲခြင်းဖြင့် မိုဘိုင်းအော်ပရေတာကွန်ရက်










အတွင်း သုံးစွဲခြင်းမှ တားဆီးနိုင်ပါသည်။

မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းသူများသည် တင်သွင်းလာသော မိုဘိုင်းလက်ကိုင်ဖုန်းကို IMEI မှတ်ပုံတင်စနစ်သို့ တစ်ဦးချင်းဖြစ်စေ၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းသူများမှဖြစ်စေ၊ အော်ပရေတာမှဖြစ်စေ စာရင်းသွင်းမှတ်ပုံတင်ခြင်းကို ပြုလုပ်ကြပါသည်။ မှတ်ပုံတင်ပြုလုပ်ပြီး မိုဘိုင်းလက်ကိုင်ဖုန်းများကို အရောင်းဆိုင်များမှ ဝယ်ယူသုံးစွဲခြင်းဖြင့် စံချိန်စံညွှန်းမပြည့်မီသော မိုဘိုင်းလက်ကိုင်ဖုန်းအတုများကို သုံးစွဲခြင်းမှကာကွယ်နိုင်ခြင်း၊ တရားဝင်ဝယ်ယူထားကြောင်း အထောက်အထားပြ၍ မိုဘိုင်းလက်ကိုင်ဖုန်းပျောက်ဆုံးမှုနှင့် ခိုးယူခံရပါက နိုင်ငံအတွင်း အခြားသူများမှ သုံးစွဲမှုမရှိစေရေးတို့ကို ဆောင်ရွက်နိုင်ပါသည်။

- နိုင်ငံအတွင်းသို့ မိုဘိုင်းဟန်းဆက်များအား တရားမဝင်တင်သွင်းမှုကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများလွတ်ကင်းနေမှု၊ နိုင်ငံအတွင်း တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည့် မိုဘိုင်းဟန်းဆက်များကို တရားဝင်မှတ်ပုံတင်ရန် လိုအပ်လျက်ရှိမှု၊ ပျောက်ဆုံး မိုဘိုင်းလက်ကိုင်ဖုန်းများ မူရင်းပိုင်ရှင်က အသိပေးတိုင်ကြားနိုင်မှု၊ အွန်လိုင်းလိမ်လည်မှုအပေါ် သတင်းအချက်အလက်ရယူရန် လိုအပ်မှု စသည်တို့ကို ဆောင်ရွက်နိုင်ရေး ဆက်သွယ်ရေးကွန်ရက်အခြေပြု စိစစ်နိုင်သည့်စနစ်တစ်ခု တည်ထောင်ရန်လို
- တရားဝင် တင်သွင်းထားသော မိုဘိုင်းလက်ကိုင်ဖုန်းကို စံချိန်စံညွှန်း၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် IMEI နံပါတ်မှန်ကန်မှု ရှိ၊ မရှိ အများပြည်သူမှ အွန်လိုင်းစစ်ဆေးနိုင်ရန် အချို့နိုင်ငံများတွင် ဆောင်ရွက်ထားရှိ

မိုဘိုင်းငွေချေစနစ်ဆော့ဝဲများတွင် IMEI နှင့် တွဲဖက်ထားပါက အွန်လိုင်းငွေကြေးလိမ်လည်မှု တားဆီးခြင်းကို အထောက်အကူပြုစေနိုင်ပါသည်။ နိုင်ငံတကာတွင် အသုံးပြုသကဲ့သို့ အွန်လိုင်းငွေချေခြင်း Application များအတွက် IMEI များဖြင့် ထည့်သွင်းအသုံးပြုနိုင်ပါက ငွေကြေးလိမ်လည်မှုများကိုလည်း အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတကာတွင် မိုဘိုင်းဖုန်းအသုံးပြုသူများအနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်း




ပျောက်ဆုံးမှုအား သက်ဆိုင်ရာဌာနများမှ ဝန်ဆောင်မှုပေးရာတွင်သော်လည်းကောင်း၊ စံချိန်စံညွှန်းမပြည့်မီသော တရားမဝင် ဝင်ရောက်လာသော မိုဘိုင်းလက်ကိုင်ဖုန်းအတုများကို သုံးစွဲခြင်းမှ ကာကွယ်ရန်လည်းကောင်း၊ ငွေကြေးလိမ်လည်မှုများ မဖြစ်ပေါ်စေရန်လည်းကောင်း အသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း၏ IMEI မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ကြရပါသည်။

### IMEI မှတ်ပုံတင်ခြင်းကို နိုင်ငံတကာတွင် ဘယ်လိုလုပ်သလဲ

နိုင်ငံအတွင်းသို့ မိုဘိုင်းဟန်းဆက်များအား တရားမဝင်တင်သွင်းမှုကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများလွတ်ကင်းနေမှု၊ နိုင်ငံအတွင်း တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည့် မိုဘိုင်းဟန်းဆက်များကို တရားဝင်မှတ်ပုံတင်ရန် လိုအပ်လျက်ရှိမှု၊ ပျောက်ဆုံး မိုဘိုင်းလက်ကိုင်ဖုန်းများ မူရင်းပိုင်ရှင်က အသိပေးတိုင်ကြားနိုင်မှု၊ အွန်လိုင်းလိမ်လည်မှုအပေါ် သတင်းအချက်အလက်ရယူရန် လိုအပ်မှုစသည်တို့ကို ဆောင်ရွက်နိုင်ရေး ဆက်သွယ်ရေးကွန်ရက်အခြေပြု စိစစ်နိုင်သည့်စနစ်တစ်ခု တည်ထောင်ရန် လိုအပ်ပါသည်။

နိုင်ငံအတွင်း တွင်ကျယ်စွာအသုံးပြုလျက်ရှိသော မိုဘိုင်းဟန်းဆက် IMEI ကို မှတ်တမ်းတင်၍ ထိန်းချုပ်နိုင်သည့် စနစ်တစ်ခုကို ကမ္ဘာ့နိုင်ငံအများစုနှင့် အိမ်နီးချင်းနိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်လျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ တရားဝင် တင်သွင်းထားသော မိုဘိုင်းလက်ကိုင်ဖုန်းကို စံချိန်စံညွှန်း၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့် IMEI နံပါတ်မှန်ကန်မှု ရှိ၊ မရှိ အများပြည်သူမှ အွန်လိုင်းစစ်ဆေးနိုင်ရန် အချို့နိုင်ငံများတွင် ဆောင်ရွက်ထားရှိပါသည်။

မိုဘိုင်းလက်ကိုင်ဖုန်းများ IMEI စစ်ဆေးသည့် အလားတူစနစ်များကို အမေရိကန်၊ အင်္ဂလန်၊ ရုရှား၊ ပြင်သစ်၊ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံတော်တော်များများတွင် အသုံးပြုကြပါသည်။ အာရှနိုင်ငံများအနက် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် IMEI မှတ်ပုံတင်ရန် တင်းကျပ်စွာပြဋ္ဌာန်းထားပြီး အရေးယူမှုများကို တင်းကျပ်စွာဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့တွင် မိုဘိုင်းလက်ကိုင်ဖုန်းများ ကွန်ရက်အတွင်းသုံးစွဲနိုင်မှုကို ကြီးကြပ်ခြင်းဖြင့် တရားမဝင် တင်သွင်းမှုကို ကြီးကြပ်ပြီး မိုဘိုင်းလက်ကိုင်ဖုန်းပျောက်ဆုံးခြင်းနှင့် ခိုးယူခံရခြင်းတို့အတွက် ပြည်သူ့ဝန်ဆောင်မှုအဖြစ် ဆောင်ရွက်ပါသည်။

မိုဘိုင်းလက်ကိုင်ဖုန်း တရားဝင်တင်သွင်းမှုလုပ်ငန်းစဉ်ကို မိုဘိုင်းဖုန်း တင်သွင်းသူများအတွက် ရိုးရှင်းလွယ်ကူလျင်မြန်စွာ ဆောင်ရွက်၍ သုံးစွဲသူက သီးခြားမှတ်ပုံတင်ရန်မလိုသော နိုင်ငံများမှာ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။ စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့တွင် အော်ပရေတာများအချင်းချင်း IMEI စောင့်ကြည့်စီမံခန့်ခွဲခြင်းကို ဆောင်ရွက်ပြီး အများပြည်သူက IMEI ကို သီးခြားမှတ်ပုံတင်ရန်မလိုအပ်ပါ။ အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းမှု ကြီးကြပ်ခြင်း၊ ပိတ်သိမ်းခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းတို့ ဆောင်ရွက်မှုများကို အကျဉ်းချုပ်ဖော်ပြအပ်ပါသည်–

အိန္ဒိယနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းခြင်း၊ ပိတ်သိမ်းခြင်း၊ ဥပဒေနှင့်အညီ ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆက်သွယ်ရေးဌာနကကြီးကြပ်သော အော်ပရေတာများနှင့် IMEI မှတ်ပုံတင်ဗဟိုဌာနတို့က ဆောင်ရွက်ပါသည်။ တင်သွင်းခွင့်ပြုထားသည့် IMEI များနှင့် ကုန်သွယ်ရေးက အသိအမှတ်ပြုလက်မှတ်ရရှိမှသာ နိုင်ငံအတွင်း သုံးစွဲခွင့်ရရှိမည်ဖြစ်ပါသည်။ တရားမဝင်တင်သွင်းအသုံးပြုမှုကို တားမြစ်ထားပြီး သုံးစွဲသူများအနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်းကို လုံခြုံစွာသုံးစွဲနိုင်စေရန်နှင့် ခိုးယူခံရပါကလည်း ပိတ်သိမ်းနိုင်စေရန် ဆောင်ရွက်ထားပါသည်။ အိန္ဒိယနိုင်ငံတွင် ဗဟိုမှတ်ပုံတင်စနစ်ကို ၂၀၂၀ ပြည့်နှစ်တွင် စတင်ကာ မိုဘိုင်းလက်ကိုင်ဖုန်း ပျောက်ဆုံးခြင်း/ ခိုးယူခံရခြင်းနှင့်စပ်လျဉ်း၍ ဗဟိုမှတ်ပုံတင်စနစ်မှ ပိတ်သိမ်းခြင်းကို ဆောင်ရွက်ပါသည်။ သုံးစွဲသူများအနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်း အသုံးပြုခွင့် ရှိ၊ မရှိကို https://www.ceir.gov.in တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းမှု ကြီးကြပ်ခြင်း၊ ပိတ်သိမ်းခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းတို့ကို စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် အကောက်ခွန်ဌာနအပါအဝင် အော်ပရေတာများနှင့်ပူးပေါင်းကာ ဆောင်ရွက်ပါသည်။ နိုင်ငံအတွင်း သုံးစွဲလျက်ရှိသော မိုဘိုင်းလက်ကိုင်ဖုန်း IMEI များသည် မှန်ကန်ရန် လိုအပ်ပြီး စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက သတ်မှတ်ထားသော အမျိုးအစားဖြစ်ရန်လိုပါသည်။

*စာမျက်နှာ ၇ သို့*

**“ မြန်မာနိုင်ငံ၏ ဦးစားပေးကဏ္ဍအသီးသီးတွင် ဒစ်ဂျစ်တယ်အသွင်သို့ ကူးပြောင်းဆောင်ရွက်ခြင်းအားဖြင့် အားလုံးပါဝင်သည့် ဒစ်ဂျစ်တယ်စီးပွားရေး ပီပြင်စွာပေါ်ထွန်းလာစေပြီး ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်ရည်မှန်း၍ မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (Myanmar Digital Economy Roadmap 2030) ကို ရေးဆွဲပြုစုကာ ဒစ်ဂျစ်တယ်စီးပွားရေး အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို တွန်းအားပေးမှုများနှင့်အတူ အများပြည်သူကို ဝန်ဆောင်မှုပေးအပ်သည့် အစိုးရဌာန / အဖွဲ့အစည်းအသီးသီးတွင် အွန်လိုင်းမှ တစ်ဆင့် လိုင်စင်လျှောက်ထားခြင်း၊ အွန်လိုင်းမှတစ်ဆင့် ငွေပေးချေမှုများပြုလုပ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် အီလက်ထရောနစ်နည်းလမ်းများဖြင့် အခွန်ပေးဆောင်ခြင်း စသည့် အများပြည်သူအကျိုးပြုဝန်ဆောင်မှုများကို စတင်လျက်ရှိ ”**

*စာမျက်နှာ ၆ မှ*

အော်ပရေတာများမှ ကွန်ရက်အတွင်း အသုံးပြုသော IMEI များကိုလည်းကောင်း၊ အတု၊ တရားမဝင်နှင့်ခိုးယူခံရသော ဖုန်းများစာရင်းကိုလည်းကောင်း စုပေါင်းထိန်းသိမ်းထားရှိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မိုဘိုင်းလက်ကိုင်ဖုန်း တရားမဝင်တင်သွင်းခြင်း၊ အသုံးပြုခြင်းကို တင်းကျပ်စွာ ထိန်းချုပ်ထားပြီး နိုင်ငံအတွင်း အသုံးပြုခွင့်လက်မှတ်(China Compulsory Certification–CCC) နှင့် စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက အတည်ပြုထားသော အမျိုးအစားသတ်မှတ်ချက်ဖြင့် ကန့်သတ်ထားပါသည်။

မိုဘိုင်းလက်ကိုင်ဖုန်းပျောက်ဆုံးခြင်းအတွက် သတင်းပို့ပါက အော်ပရေတာများက ခိုးယူခံရသော ဖုန်းအဖြစ် နိုင်ငံတကာစာရင်းသွင်းကာ လုံးဝသုံးစွဲမရနိုင်အောင် ဆောင်ရွက်ပါသည်။ သုံးစွဲသူတစ်ဦးချင်းအနေဖြင့် မှတ်ပုံတင်ရန် မလိုအပ်ပါ။ အသုံးပြုသော မိုဘိုင်းလက်ကိုင်ဖုန်းကို အင်တာနက်စာမျက်နှာမှ စစ်ဆေးနိုင်ခြင်းမရှိပါ။ ပြည်ပနိုင်ငံသားများအနေဖြင့် ပြည်တွင်းဆင်းကတ်သုံးစွဲမှုမပြုပါက ကာလတစ်ခုအထိ ယာယီအသုံးပြုခွင့်ပေးထားပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်း ရောင်းချသူများသည် ရောင်းချခြင်းမပြုမီ စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနသည် အကောက်ခွန်ဌာန တို့တွင် မှတ်ပုံတင်ရန် လိုအပ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆင်းကတ်သုံးစွဲသူ မှတ်ပုံတင်နှင့် မိုဘိုင်းလက်ကိုင်ဖုန်း IMEI တို့ တွဲလျက်ထားရှိခြင်းကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပိုမိုတင်းကျပ်သော စည်းမျဉ်းများဖြင့် လုံခြုံရေးပိုမိုကောင်းမွန်အောင်ဆောင်ရွက်ထားပါသည်။

ထိုင်းနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းမှုကြီးကြပ်ခြင်း၊ ပိတ်သိမ်းခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းကို ထိုင်းအမျိုးသားရုပ်သံနှင့် ဆက်သွယ်ရေးကော်မရှင်က သုံးစွဲသူတစ်ဦးချင်း မှတ်ပုံတင်ခြင်းထက် မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းသူများကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးကာ ဈေးကွက်ထိန်းချုပ်ခြင်းကို ဆောင်ရွက်ပါသည်။ သုံးစွဲသူများက IMEI မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရန် မလိုအပ်ပါ။

မိုဘိုင်းလက်ကိုင်ဖုန်း တင်သွင်းဖြန့်ဖြူးခွင့်လိုင်စင်ရရှိသူများမှတစ်ဆင့်သာ တင်သွင်းရပါသည်။ တင်သွင်းခွင့်ရရှိထားသော မိုဘိုင်းလက်ကိုင်ဖုန်းများသည် ထိုင်းအမျိုးသားရုပ်သံနှင့် ဆက်သွယ်ရေးကော်မရှင်က အသိအမှတ်ပြုလက်မှတ် ရရှိထားပြီးသား ဖြစ်ရပါမည်။ တရားမဝင် သို့မဟုတ် အသိအမှတ်ပြုထားခြင်းမရှိသော မိုဘိုင်းလက်ကိုင်ဖုန်းများကို ဈေးကွက်အတွင်းတွေ့ရှိပါက သိမ်းယူခွင့်ရှိပါသည်။ ကော်မရှင်သည် မိုဘိုင်းလက်ကိုင်ဖုန်း ပျောက်ဆုံးခြင်း/ခိုးယူခံရခြင်းနှင့် စပ်လျဉ်း၍ အော်ပရေတာနှင့်ပူးပေါင်းကာ မိုဘိုင်းလက်ကိုင်ဖုန်းအား နိုင်ငံအတွင်း သုံးစွဲမှုမရရှိစေရန် ပိတ်သိမ်းခြင်းကို ၂၀၁၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ IMEI မှတ်ပုံတင်ခြင်းကို အများပြည်သူဆောင်ရွက်ရန် ခွင့်မပြုထားသော်လည်း အော်ပရေတာများက IMEI သုံးစွဲမှုကိုတင်ပြရန် လိုအပ်ပါသည်။

မလေးရှားနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်း တင်သွင်းမှုကြီးကြပ်ခြင်း၊ ပိတ်သိမ်းခြင်း၊ ဥပဒေနှင့်အညီ ကြီးကြပ်စစ်ဆေးခြင်းတို့ကို မလေးရှားဆက်သွယ်ရေးနှင့် သတင်းမီဒီယာကော်မရှင်က အကောက်ခွန်ဌာနအပါအဝင် အော်ပရေတာများနှင့်ပူးပေါင်းကာ မိုဘိုင်းလက်ကိုင်ဖုန်းနှင့် သက်ဆိုင်သော မူဝါဒကို ရေးဆွဲထုတ်ပြန်ဆောင်ရွက်ပါသည်။

မလေးရှားနိုင်ငံတွင်းအသုံးပြုသော မိုဘိုင်းလက်ကိုင်ဖုန်းများသည် SIRIM (Standards and Industrial Research Institute of Malaysia) စံချိန်စံညွှန်းနှင့် စက်မှုသုတေသနသိပ္ပံဆိုင်ရာ စံသတ်မှတ်ချက်များနှင့်ကိုက်ညီရန် လိုအပ်ပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်း တစ်ဦးချင်းတင်သွင်းမှုအတွက် SIRIM approval online (https://ecomm.sirim.my/) တွင် အွန်လိုင်းလျှောက်ထားနိုင်ပြီး IMEI မှတ်ပုံတင်ခြင်းကိုလည်း တစ်ပါတည်းဆောင်ရွက်နိုင်ပါသည်။ လူတစ်ဦးချင်းအနေဖြင့် တစ်နှစ်လျှင် မိုဘိုင်းလက်ကိုင်ဖုန်း နှစ်လုံးအထိ မှတ်ပုံတင်နိုင်ပါသည်။

အော်ပရေတာများက ကွန်ရက်အတွင်း အသုံးပြုသော IMEI များကိုလည်းကောင်း၊ အတု၊ တရားမဝင်နှင့် ခိုးယူခံရသော ဖုန်းများစာရင်းကိုလည်းကောင်း စုပေါင်းထိန်းသိမ်းထားရှိပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်း ပျောက်ဆုံးခြင်းအတွက် မိုဘိုင်းအော်ပရေတာသို့သတင်းပို့ပါက အော်ပရေတာများက ခိုးယူခံရသောဖုန်းအဖြစ် စာရင်းသွင်းကာ နိုင်ငံအတွင်း လုံးဝသုံးစွဲမရနိုင်အောင် ဆောင်ရွက်ထားပါသည်။ မလေးရှားနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်းကို တင်သွင်းမှုကဏ္ဍ၊ အကောက်ခွန်ကဏ္ဍ၊ အော်ပရေတာများနှင့် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများဖြင့် အားဖြည့်ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်တွင် IMEI မှတ်ပုံတင်ခြင်းကို ဘင်္ဂလားဒေ့ရှ် အမျိုးသားဆက်သွယ်ရေးကော်မရှင် Bangladesh Telecommunication Regulatory Commision–BTRC က ကြီးကြပ်ဆောင်ရွက်ပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်းသုံးစွဲသူတိုင်းသည် အမျိုးသား မိုဘိုင်းလက်ကိုင်ဖုန်း မှတ်ပုံတင်စနစ်သို့ မှတ်ပုံတင်ရန် လိုအပ်ပါသည်။ အတုပြုလုပ်ထားသော မိုဘိုင်းလက်ကိုင်ဖုန်း၊ ခိုးယူထားသော မိုဘိုင်းလက်ကိုင်ဖုန်းနှင့် တရားမဝင်တင်သွင်းလာသော မိုဘိုင်းလက်ကိုင်ဖုန်းများကို မိုဘိုင်းဆက်သွယ်ရေးကွန်ရက်အတွင်း ဝင်ရောက်ခြင်းမှ ပိတ်ပင်ထားပါသည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစတင်ကာ အသုံးပြုသူများအနေဖြင့် www.neir.btrc.gov.bd တွင် အသုံးပြုသော မိုဘိုင်းလက်ကိုင်ဖုန်းများကို သုံးစွဲခွင့် ရှိ၊ မရှိ စစ်ဆေးနိုင်ပါသည်။

ပြည်ပမှ ယူဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော မိုဘိုင်းလက်ကိုင်ဖုန်းများကို ကင်းလွတ်ခွင့်ပြုသော အချိန်ကာလအတွင်း ရွေးယူဒဏ်ကြေးပေးဆောင်ကာ မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်ပါသည်။ ဘင်္ဂလားဒေ့ရှ်တွင် မိုဘိုင်းလက်ကိုင်ဖုန်း တင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းမည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို BTRC တွင် ကြိုတင်မှတ်ပုံတင်ထားရန် လိုအပ်ပါသည်။ တရားမဝင်တင်သွင်းခြင်းအတွက် သက်ဆိုင်ရာအကောက်ခွန်ဌာန၏ သိမ်းယူခြင်းခံရမည်ဖြစ်ပါသည်။ BTRC သည် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများနှင့်ပူးပေါင်းကာ IMEI ကြီးကြပ်ခြင်းကို ဆောင်ရွက်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် မိုဘိုင်းလက်ကိုင်ဖုန်း ခိုးယူခံရခြင်း၊ IMEI အတုပြုလုပ်ခြင်းနှင့် ပွားယူခြင်းအပြင် တရားမဝင်မိုဘိုင်းလက်ကိုင်ဖုန်း တင်သွင်းခြင်းကို တားဆီးကာကွယ်နိုင်ခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းမှု ကြီးကြပ်ခြင်း၊ ပိတ်သိမ်းခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းတို့ကို စက်မှုဝန်ကြီးဌာနနှင့် သတင်းအချက်အလက်ဆက်သွယ်ရေးဝန်ကြီးဌာနတို့က ဆောင်ရွက်ပါသည်။ နိုင်ငံအတွင်း မိုဘိုင်းလက်ကိုင်ဖုန်းများ၏ IMEI များကို အမျိုးသားမှတ်တမ်းတွင် ထည့်သွင်းရန်လိုအပ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် မိုဘိုင်းလက်ကိုင်ဖုန်းကို တင်းကျပ်စွာထိန်းချုပ်ထားပြီး သယ်ဆောင်/တင်သွင်းလာသော မိုဘိုင်းဖုန်းများအား အစိုးရ၏ အင်တာနက်စာမျက်နှာတွင် မှတ်ပုံတင်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဧပြီလမှ စတင်ကျင့်သုံးခဲ့ပါသည်။ နိုင်ငံခြားသားများအနေဖြင့် ပြည်တွင်းဆင်းကတ်နှင့် သုံးစွဲနိုင်ရန် မိုဘိုင်းလက်ကိုင်ဖုန်းကို မှတ်ပုံတင်ရန် လိုအပ်ပါသည်။ မှတ်ပုံတင်ထားခြင်းမရှိသော IMEI များသည် အင်ဒိုနီးရှားနိုင်ငံရှိ မိုဘိုင်းကွန်ရက်များသို့ ဝင်ရောက်သုံးစွဲခွင့် ရှိမည်မဟုတ်ပါ။ သုံးစွဲသူများအနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်းမှတ်ပုံတင်ထားခြင်း ရှိ/မရှိနှင့် အသုံးပြုခွင့် ရှိ/မရှိကို https://imei.kemenperin.go.id တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### IMEI မှတ်ပုံတင်ခြင်းဖြင့် လူမှုအဖွဲ့အစည်းကို ဘယ်လိုအကျိုးရှိစေမှာလဲ

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေးကို ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်မှုကြောင့် မိုဘိုင်းဖုန်းသုံးစွဲမှုတစ်ဟုန်ထိုး တိုးတက်များပြားလာပါသည်။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် တိုးတက်မှုများရှိခဲ့သော်လည်း မိုဘိုင်းနည်းပညာ၊ အင်တာနက်နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများတွင် နည်းပညာလုံခြုံရေးနှင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေး၊ မိုဘိုင်းဟန်းဆက်များကို တရားမဝင်တင်သွင်းမှုကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများ လွတ်ကင်းနေမှုနှင့် မိုဘိုင်းဟန်းဆက်များကိုအသုံးပြု၍ တရားမဝင်လုပ်ငန်းများကိုလည်း သတိပြုထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

မိုဘိုင်းဟန်းဆက်ဖြင့် မသမာသော အသုံးပြုမှုကို ကာကွယ်ခြင်းဖြင့် ခိုးယူခံရသော မိုဘိုင်းဟန်းဆက်များကို ဆက်သွယ်ရေးကွန်ရက်တွင် အသုံးပြုခြင်းမှတားဆီးနိုင်ပြီး ရာဇဝတ်မှုလျော့ချရေးတွင်လည်း အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အတွင်း IMEI Code များကို တရားဝင်မှတ်ပုံတင်စေခြင်းဖြင့် အရည်အသွေးအာမခံမရှိသော တရားမဝင် မိုဘိုင်းဟန်းဆက်များ ဈေးကွက်သို့ ဝင်ရောက်မှုကို လျှော့ချနိုင်ပါသည်။

မြန်မာနိုင်ငံ၏ ဦးစားပေးကဏ္ဍအသီးသီးတွင် ဒစ်ဂျစ်တယ်အသွင်သို့ ကူးပြောင်းဆောင်ရွက်ခြင်းအားဖြင့် အားလုံးပါဝင်သည့် ဒစ်ဂျစ်တယ်စီးပွားရေး ပီပြင်စွာ ပေါ်ထွန်းလာစေပြီး ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်မှန်း၍ မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (Myanmar Digital Economy Roadmap 2030) ကို ရေးဆွဲပြုစုကာ ဒစ်ဂျစ်တယ်စီးပွားရေး အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို တွန်းအားပေးမှုများနှင့်အတူ အများပြည်သူကို ဝန်ဆောင်မှုပေးအပ်သည့် အစိုးရဌာန/ အဖွဲ့အစည်းအသီးသီးတွင် အွန်လိုင်းမှတစ်ဆင့် လိုင်စင်လျှောက်ထားခြင်း၊ အွန်လိုင်းမှတစ်ဆင့် ငွေပေးချေမှုများပြုလုပ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် အီလက်ထရောနစ်နည်းလမ်းများဖြင့် အခွန်ပေးဆောင်ခြင်း စသည့်အများပြည်သူအကျိုးပြုဝန်ဆောင်မှုများကို စတင်လျက်ရှိပါသည်။

အွန်လိုင်းပေါ်တွင် မည်သူမှန်း မသိရသူများနှင့် ထိတွေ့နေရသကဲ့သို့ AI ဖြင့် အသံအတု၊ ရုပ်အတုများအပြင် ငွေကြေးလိမ်လည်မှုများ၊ အွန်လိုင်းလိမ်လည်မှုများကို နည်းပညာအသုံးပြုကာ ဆောင်ရွက်နိုင်ခြင်းသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအတွက် စိန်ခေါ်မှုများဖြစ်စေပါသည်။ မြန်မာနိုင်ငံတွင် နေ့စဉ် မိုဘိုင်းလက်ကိုင်ဖုန်း သန်း ၆၀ ခန့် ဆက်သွယ်မှုရှိနေပြီး လေ့လာဆန်းစစ်မှုစစ်ဆေးချက်များအရ ၈၀ ရာခိုင်နှုန်းခန့်သည် တရားဝင်တင်သွင်းမှုမရှိကြောင်း သိရှိရသည်။ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိသော မိုဘိုင်းလက်ကိုင်ဖုန်းများကြောင့် နိုင်ငံတကာတွင် ဆွေးနွေးလျက်ရှိသည့် အီလက်ထရောနစ်အမှိုက်များ ဖြစ်ပေါ်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ တားဆီးနိုင်မည်ဖြစ်ပါသည်။

အရည်အသွေးအာမခံမရှိသော တရားမဝင် မိုဘိုင်းဟန်းဆက်ဈေးကွက်ကို တားဆီးနိုင်ရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်ငွေများ ရရှိစေရေး၊ မိုဘိုင်းဟန်းဆက် ခိုးယူ/ပျောက်ဆုံးမှုများကို ထိန်းချုပ်နိုင်ရေး၊ ဆိုက်ဘာရာဇဝတ်မှုများကို တားဆီးနိုင်ရေး အစရှိသည့် အများပြည်သူအတွက် ဝန်ဆောင်မှုပေးသည့် ရည်ရွယ်ချက်များစွာဖြင့် အာဆီယံနိုင်ငံအချို့တွင် IMEI မှတ်ပုံတင်ခြင်းအား အဆင့်မြှင့်တင်လျက်ရှိသည်ကို တွေ့ရှိနိုင်ပါသည်။ တရားဝင်တင်သွင်းသည့် မိုဘိုင်းဟန်းဆက်များကိုသာ အသုံးပြုနိုင်တော့သည့်အတွက် တရားမဝင်တင်သွင်းသည့် မိုဘိုင်းဟန်းဆက်များ လျော့နည်းလာခြင်းအပြင် ရသင့်ရထိုက်သည့် အခွန်အခများရရှိခြင်း၊ အခြားစီးပွားရေးအရ အကျိုးအမြတ်များ ရရှိစေခြင်းတို့အပြင် မိုဘိုင်းဟန်းဆက် ခိုးယူ/ပျောက်ဆုံးမှုများ၊ တရားမဝင်တင်သွင်းသည့် မိုဘိုင်းဟန်းဆက်များ၊ ဆိုက်ဘာရာဇဝတ်မှုများ လျော့ကျလာသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့စနစ်ဆောင်ရွက်ခြင်းဖြင့် အခြားနိုင်ငံများတွင် ဆောင်ရွက်သကဲ့သို့ နိုင်ငံအတွင်း စံချိန်စံညွှန်းကိုက်ညီမှုမရှိသည့် မိုဘိုင်းဖုန်းအတုများသည် သုံးစွဲမှုမရသည့်အတွက် အီလက်ထရောနစ်အမှိုက် ဖြစ်နိုင်ခြေလျော့ကျစေပါမည်။ ဖုန်းပျောက်ဆုံးသွားပါက အခြားသူတစ်ဦးက ခိုးယူသုံးစွဲနိုင်သော်လည်း နောင်တွင် အမှန်တကယ်ဖုန်းပျောက်ဆုံးမှုအတွက် ခိုးယူသုံးစွဲနိုင်ခြေ များစွာလျော့ကျသွားစေမည်ဖြစ်ပါသည်။ IMEI မှတ်ပုံတင်စနစ်သည် မိုဘိုင်းဆက်သွယ်ရေးကွန်ရက် လုံခြုံရေးကို မြှင့်တင်ရန်နှင့် ဆိုက်ဘာရာဇဝတ်မှုများကို ကာကွယ်ရန်အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့်နည်းပညာအခြေပြုစနစ်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် အရည်အသွေးပြည့် မိုဘိုင်းဖုန်းဟန်းဆက်များကို အများပြည်သူ ယုံကြည်စိတ်ချစွာ သုံးစွဲလာနိုင်မည့် အကျိုးကျေးဇူးရရှိစေခြင်း၊ ဆက်သွယ်ရေးဥပဒေပါ လိုင်စင်ရယူပြီးမှ တင်သွင်းအသုံးပြုခွင့်ရှိသော ဆက်သွယ်ရေးပစ္စည်းများကို ကြီးကြပ်နိုင်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ခြင်း၊ အခွန်ကောက်ခံမှုစနစ်ကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် နည်းပညာဆိုင်ရာ အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်ခြင်း၊ အောင်မြင်စွာအသုံးပြုနေသော နိုင်ငံများတွင် မိုဘိုင်းဟန်းဆက်ဈေးကွက်၏ တရားဝင်မှုနှင့် အခွန်ဘဏ္ဍာငွေများ သိသိသာသာတိုးတက်လာနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်မှ ဆောင်ရွက်နေသော ဒစ်ဂျစ်တယ်စနစ် အသွင်ကူးပြောင်းရေးဆိုင်ရာ အတွေ့အကြုံများကို ရရှိစေပါမည်။ ထို့အပြင် မိုဘိုင်းလက်ကိုင်ဖုန်းအသုံးပြု အွန်လိုင်းငွေကြေးလိမ်လည်မှုများကို ပိုမိုစောင့်ကြည့်ကိုင်တွယ်နိုင်စေမည့်အပြင် အများပြည်သူအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။


# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတဟောင်း ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် မတ် ၄**

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆) ဦးမြောက် ဒုတိယသမ္မတအဖြစ် ၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် H.E. Mr. Try Sutrisno သည် ၂၀၂၆ ခုနှစ် မတ် ၂ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်လက်မှတ်ရေးထိုးခဲ့သည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတဟောင်း H.E. Mr. Try Sutrisno ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

အင်ဒိုနီးရှား ဒုတိယသမ္မတဟောင်း H.E. Mr. Try Sutrisno သည် ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အင်ဒိုနီးရှားကြည်းတပ်ဦးစီးချုပ်အဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ အင်ဒိုနီးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၉၀ ရှိပြီဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



# (၁၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် မတ် ၄**

(၁၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ တပ်နယ်အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်နှင့် တာဝန်ရှိသူများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ တပ်မတော်နှင့် အရပ်ဘက်မှ ဆေးပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ စစ်ရေးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးတို့က (၁၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စစ်ရေးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် ဧည့်ခံတေးသီချင်းများနှင့် သီဆိုဖျော်ဖြေတင်ဆက်ခြင်းတို့အား ကြည့်ရှုအားပေးပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် စစ်ရေးချုပ်တို့ထံ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးက (၁၁) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ် ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အမှတ်တရ လက်ဆောင်အားပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် စစ်ရေးချုပ်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ (၁၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ သုတေသနပိုစတာများနှင့် ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၈-၃-၂၀၂၅ ရက်ကလှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ဘန်ကောက်မြို့၌ ဆောက်လုပ်ဆဲရုံးအဆောက်အအုံပြိုကျပျက်စီးမှုဖြစ်စဉ်အတွင်း သေဆုံး၊ ပျောက်ဆုံးသူများ၏ မိသားစုဝင်များအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ငွေများပေးအပ်

**ဘန်ကောက် မတ် ၄**


၂၈-၃-၂၀၂၅ ရက်က လှုတ်ခတ်ခဲ့သည့် ငလျင်ကြောင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Chatuchak နယ်မြေ၌ ဆောက်လုပ်ဆဲ အစိုးရစာရင်းစစ်ရုံး အဆောက်အအုံပြိုကျ ပျက်စီးမှုဖြစ်စဉ်အတွင်း သေဆုံး၊ ပျောက်ဆုံးသူများ၏ မိသားစုဝင်များအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂ ရက် နံနက်ပိုင်းက ဘန်ကောက်မြို့ တော်ဝင်နာယကအောက်ရှိ ထိုင်းရှေ့နေများကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည် ။

အခမ်းအနားတွင် ငလျင်ကြောင့်ဆောက်လုပ်ဆဲ အဆောက်အအုံပြိုကျပျက်စီးမှု ဖြစ်စဉ်အတွင်း သေဆုံးသူနှင့် ပျောက်ဆုံးသူ စုစုပေါင်း ၁၃ ဦး (မြန်မာ ၁၂ ဦး နှင့် ထိုင်း တစ်ဦး) တို့၏ မိသားစုဝင်များအား ITD-CREC ဖက်စပ်လုပ်ငန်းစုက ထောက်ပံ့ငွေ ဘတ် တစ်သန်းစီ ပေးအပ်သည်။

ယခုကျင်းပသည့် ထောက်ပံ့ငွေပေးအပ်ပွဲသည် ဖြစ်စဉ်အတွင်း သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးသူများအနက် စတုတ္ထအကြိမ်မြောက် စိစစ်အတည်ပြုပြီးသူများအတွက် ထောက်ပံ့ငွေ ပေးအပ်ခြင်းဖြစ်ပြီး ယခင်ကလည်း စိစစ်အတည်ပြုမှု သုံးကြိမ်အတွင်း ဒဏ်ရာရသူ မြန်မာအလုပ်သမား ခုနစ်ဦးနှင့် သေဆုံးသူ ၁၅ ဦးတို့ကို ITD-CREC ဖက်စပ်လုပ်ငန်းစုမှ ထောက်ပံ့ငွေပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးက ဖြစ်စဉ်အတွင်း အသက်ဆုံးရှုံးခဲ့ကြသူများ၏ မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြောင်းနှင့် နှစ်သိမ့်စကားများ ပြောကြားသည်။

ငလျင်ကြောင့် အဆောက်အအုံပြိုကျမှုဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရသူများနှင့် သေဆုံးသူများအား နစ်နာကြေးပေးအပ်ရန် ထိုင်းရှေ့နေများကောင်စီ၏ သဘောတူညီချက်ဖြင့် ကော်မတီတစ်ရပ် ထူထောင်ခဲ့ပြီး ယင်းကော်မတီ၏ စိစစ်အတည်ပြုချက်အရ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ခြင်းဖြစ်ရာ လက်ရှိအချိန်အထိ လေးကြိမ်စိစစ်မှုအတွင်း သေဆုံးသူ မြန်မာအလုပ်သမား ၂၇ ဦးနှင့် ဒဏ်ရာရသူ ခုနစ်ဦး ပေါင်း ၃၄ ဦးတို့အတွက် သေဆုံးသူ တစ်ဦးလျှင် ဘတ် တစ်သန်းစီနှင့် ဒဏ်ရာရသူ တစ်ဦးလျှင် ဘတ် နှစ်သိန်းစီဖြင့် စုစုပေါင်းထောက်ပံ့ငွေ ဘတ် ၂၈ သန်း ၄ သိန်း ပေးအပ်ထားပြီး ဖြစ်ကြောင်း သိရသည်။




**ZZS**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲ ပူးပေါင်းရိုက်ကူးနေမှု ကြည့်ရှုအားပေး

**ရန်ကုန် မတ် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ နိုင်ငံခြားဘာသာ တက္ကသိုလ်၌ မြန်မာ-ကိုရီးယားချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အဖြစ် မြန်မာ-ကိုရီးယား ပူးပေါင်း၍ ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးရေး ဆောင်ရွက်မှုကို သွားရောက်ကြည့်ရှု အားပေးသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းမအတွင်း၌ ဆရာနှင့် တပည့်ကျောင်းသားကျောင်းသူများ ဆွေးနွေးခန်း ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးပြီး အဆိုပါ အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဂုဏ်ပြု သစ်သီးခြင်းပေးအပ်သည်။

အဆိုပါ "အားလုံးကိုကျော်ဖြတ်ကြမယ်" (All Pass) လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲကို နာမည်ကျော် ကိုရီးယားဒါရိုက်တာ ရှင်ကီဝန်း ဦးဆောင်၍ ကိုရီးယားသရုပ်ဆောင် ၁၃ ဦး၊ မြန်မာသရုပ်ဆောင် ကိုးဦးတို့ဖြင့် ရန်ကုန်မြို့ရှိ အထင်ကရနေရာများတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လကုန်ခန့်အထိ ရိုက်ကူးရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး ကိုရီးယားနိုင်ငံသို့လည်း ဆက်လက်သွားရောက်ရိုက်ကူးကာ MRTV Channel များနှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။



ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နေသည့် ဝဇီရာကဇာတ်ရုံသို့ ရောက်ရှိရာ မြန်မာနိုင်ငံဗိသုကာကောင်စီနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူတို့က အဆင့်မြှင့်တင် ဆောင်ရွက်နေသော ဝဇီရာကဇာတ်ရုံ၏ လုပ်ငန်းပိုင်းဆိုင်ရာတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ပိုင်းဆိုင်ရာနှင့် ရေသွယ်တန်းမှု အဆင်ပြေပြီဖြစ်၍ ကျန်သောအပိုင်းအားလုံး အမြန်ပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်သွားကြစေ လိုကြောင်း၊ ကဇာတ်ရုံအား ရှေးဟောင်းလက်ရာမပျက် ပြုပြင်မှုနှင့်အတူ ရုပ်ပိုင်းဆိုင်ရာ ခေတ်မီလှပမှုနှင့် ကဇာတ်ရုံ၏ အနှစ်သာရတို့ကို ပုံရိပ်လှပစွာ ပြသသွားနိုင်မည်ဖြစ်ပြီး နိုင်ငံတကာပြပွဲများ၊ တိုင်းရင်းသားရိုးရာပွဲများနှင့် ပန်းချီပြပွဲတို့ကို ပြသရာ၌ အဆင့်မီမီ ပြသသွားနိုင်ရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဝဇီရာကဇာတ်ရုံ ပြုပြင်မွမ်းမံနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူသို့ အသိပေးကြေညာချက်အား ဖြည့်စွက်ထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၄**

၁။ စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူသို့ အသိပေးကြေညာချက်အား ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် လည်ပတ်နိုင်စေရန်အတွက် အဆိုပါ အသိပေးကြေညာချက်၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ)တွင် ဖော်ပြထားသည့် နေ့စဉ်အသုံးပြုနိုင်သည့် မော်တော်ယာဉ်များတွင်အောက်ပါ အကြောင်းကိစ္စများအတွက် အသုံးပြုသည့် မော်တော်ယာဉ်များအား ဖြည့်စွက် ထုတ်ပြန်အပ်ပါသည်-

(က) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် ဝန်ထမ်းကြိုပို့ယာဉ်များ၊

(ခ) ကုန်စည်ဖြန့်ဖြူးရေးတွင်အသုံးပြုသည့်ယာဉ်များ၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက်ရုံးလုပ်ငန်းအသုံးပြုသည့်ယာဉ်များ၊

(ဃ) ကျောင်းကြို/ပို့ယာဉ်များ။

၂။ နေ့စဉ်အသုံးပြုသည့် မော်တော်ယာဉ်များအနေဖြင့်လည်း သုံးစွဲသည့်အခါက်ရေ အနည်းဆုံးနှင့် သုံးစွဲသည့်ယာဉ်စီးရေ အနည်းဆုံးဖြစ်အောင် ကန့်သတ်ခြိုးခြံဆောင်ရွက်ကြရန်နှင့် အထက်ပါအကြောင်းကိစ္စများအတွက် သုံးစွဲသည်မှာ မှန်ကန်ကြောင်း ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသူများတွင် လည်းကောင်း၊ ယာဉ်များတွင်လည်းကောင်း သက်ဆိုင်ရာ အလုပ်ဌာနများ၏ ခိုင်လုံသည့်အထောက်အထား သို့မဟုတ် ထောက်ခံချက်များ ပါရှိရမည်ဖြစ်ကြောင်း ဖြည့်စွက်အသိပေးကြေညာအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

❍ *ကျော***ဖုံးမှ**

မြန်မာနိုင်ငံတွင် စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီ ဖူလုံမှုရှိစေရေး အစီအမံဖြင့် ဆောင်ရွက်ထားရှိသည့်အတွက် ရက် (၄၀) ခန့်စာ တင်သွင်းသိုလှောင်ထားရှိပြီး စက်သုံးဆီများကို သီလဝါမှ နိုင်ငံတစ်ဝန်းသို့ ဆီတင်ယာဉ်များဖြင့် ဖြည့်တင်းဖြန့်ဖြူးပေးလျက်ရှိပါသည်။ ဆက်လက်၍ ကြိုတင်စီမံထားသည့်အစီအစဉ်အတိုင်း သီလဝါဆိပ်ကမ်းတွင် သင်္ဘော နှစ်စင်း၊ လမ်းခရီးတွင် သင်္ဘော ခြောက်စင်း၊ ဆီတင်ရန် စောင့်ဆိုင်းနေသည့် သင်္ဘော ရှစ်စင်းဖြင့် ထပ်မံဖြည့်တင်းသွားမည် ဖြစ်ပါသည်။ ပြည်ပမှ စက်သုံးဆီသင်္ဘောများ စဉ်ဆက်မပြတ် ရောက်ရှိစေရေး သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်သည့်အပြင် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေချိတ်ဆက် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ဖြစ်ပေါ်လာနိုင်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့အခြေအနေများကို အနီးကပ်စောင့်ကြည့်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် စက်သုံးဆီ ပြတ်လပ်မည်ကို စိုးရိမ်ကြောင့်ကြမှု မဖြစ်ကြရန်နှင့် သက်ဆိုင်ရာဌာနမှ တရားဝင်ထုတ်ပြန်ပေးလျက်ရှိသည့် သတင်းများကိုသာ ယုံကြည်ကြရန် လိုအပ်ပါကြောင်း၊ တရားမဝင် ကောလာဟလသတင်းများကို မယုံကြည်ကြရန်နှင့် စိုးရိမ်စိတ်လွန်ကဲ၍ စက်သုံးဆီကို မလိုအပ်ဘဲ ဝယ်ယူသိုလှောင်ခြင်းများကို လုံးဝ (လုံးဝ) မပြုလုပ်ကြပါရန် စွမ်းအင်ဝန်ကြီးဌာနမှ မိဘပြည်သူများသို့ မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**




သီလဝါရှိ Terminal တွင် စက်သုံးဆီတင်သင်္ဘောတစ်စင်း ဝင်ရောက်လျက်ရှိစဉ်။

# ပေါင်းလောင်းရေလွှဲဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေ

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုနယ် နေပြည်တော် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ် ပေါင်းလောင်းဆည်ရေ သောက်စနစ်အတွင်းရှိ နွေစပါး ၉၁၄၁ ဧကနှင့် နွေသီးနှံ ၂၅ ဧကများ အချိန်မီစိုက်ပျိုးနိုင်ရန် ပေါင်းလောင်း ရေလွှဲဆည်လက်ယာရေပေး တူးမြောင်းမကြီးမှ မတ် ၁ ရက်မှစတင်၍ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)မှ သိရသည်။



ဒေသခံတောင်သူများ ရာသီအလိုက် နွေစပါး၊ နွေသီးနှံများ စိုက်ပျိုး ထုတ်လုပ်ရာတွင် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးနှင့် နွေစပါး၊ နွေသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မွေး**

❖ *ကျောဖုံးမှ*

ခံစစ်နှင့် ဂိုးသမားဆားတို့ အကောင်းဆုံးဟန့်တားကာကွယ်ထားနိုင်သည့်အတွက် သွင်းဂိုးရရေး ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။ ဝုဗ်အသင်းသည် လီဗာပူးအသင်းဘက်သို့ တုံ့ပြန်တိုက်စစ်ဆင်မှုများမှ ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချနိုင်ခဲ့သည့်အတွက် ပွဲချိန် ၇၈ မိနစ်တွင် ဦးဆောင်ဂိုး ရရှိခဲ့သည်။ အဆိုပါ သွင်းဂိုးကို လူစားဝင်ကွင်းလယ်ကစားသမား ရိုဒရီဂိုမက်စ်က သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲချိန် ၈၃ မိနစ်တွင် ရရှိခဲ့ပြီး အသင်းအဓိကတိုက်စစ်ကစားသမား ဆာလာက သွင်းယူပေးခဲ့သည်။ ဆာလာသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၂၁ ပွဲကစားပြီး ဂိုးဖန်တီးမှု ခြောက်ကြိမ်နှင့် သွင်းဂိုးငါးဂိုးရှိလာပြီ ဖြစ်သည်။ ဝုဗ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် အန်ဒရီက သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် အဲဗာတန်က ဘန်လေကို နှစ်ဂိုး-ဂိုးမရှိ၊ ဆန်းဒါးလန်းက လိဒ်စ်ကို တစ်ဂိုး-ဂိုး မရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဘုန်းမောက်နှင့် ဘရန့်ဖို့ဒ်အသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။

**အောင်ဇော်**

# လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေး အလေးပေးဆွေးနွေး

မောင်ကမ္ဘာ

**လျှပ်စစ်စွမ်းအားအစွမ်းဖြင့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ၏ တစ်စတစ်စဖွံ့ဖြိုးတိုးတက်လာမှု ပြယုဂ်သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ သတင်းပါအကြောင်းအရာက ၂၀၂၁ ခုနှစ် စာရင်းအရ လာအိုနိုင်ငံ၏ လူဦးရေ ၁၀၀ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိလာရုံမက အိမ်နီးချင်းနိုင်ငံများသို့ပါ လျှပ်စစ်ဓာတ်အားတင်ပို့ရောင်းချနိုင်သည့်အဆင့်သို့ တက်လှမ်းလာကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပြည်ပသို့ လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချနိုင်မှုပမာဏ ပိုမိုတိုးတက်မြင့်မားလာသည်နှင့်အမျှ ကမ္ဘာ့ ၁၂ ခုမြောက် အကြီးဆုံးလျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချနိုင်သည့်နိုင်ငံ တစ်နိုင်ငံဖြစ်လာကြောင်း။**

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်းက တရားဝင်ဖွင့်လှစ်ခဲ့သည့် လာအိုနိုင်ငံ၏ အကြီးဆုံးနှင့် နည်းပညာအမြင့်မားဆုံး ဆိုင်ယာဘူရီဆည်ကြီး(Xayaburi Dam) တရားဝင်ဖွင့်လှစ်နိုင်မှုနှင့်အတူ လာအိုနိုင်ငံ၏ ရေအားလျှပ်စစ်ထုတ်လုပ်မှုမှာ များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ စိန်ခေါ်မှုများနှင့် အငြင်းပွားဖွယ်ရာအချို့ရှိသော်ငြား ဆိုင်ယာဘူရီဆည်သည် နိုင်ငံခြားဝင်ငွေရှာပေးသည့် အဓိကအရင်းအမြစ်တစ်ခု ဖြစ်လာကြောင်း။

> **"မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မြစ်ဆုံအမှတ်လက္ခဏာမပျောက်ပျက်စေရေး တမံအမြင့်နှင့် ထုတ်လုပ်မှုပမာဏ မဂ္ဂါဝပ်နှင့်ပတ်သက်၍ သက်ဆိုင်ရာနှင့် အဆိုပြုနည်းလမ်းခြောက်မျိုးဖြင့် အကြိမ်ကြိမ်ဆွေးနွေးပြီး မေခနှင့် မလိခမြစ်ဆုံမှု ရေစီးကြောင်းမပျောက်ပျက်စေဘဲ နှစ်နိုင်ငံဖြစ်နိုင်ခြေရှိပြီး စီးပွားရေးအရ တွက်ခြေကိုက်နိုင်မည့် အဆိုပြုပုံစံသုံးရပ်ကို ဆန်ခါတင်စိစစ်ကာ တမံအမျိုးအစား Concrete Face Rock Fill Dam (CFRD) ကွန်ကရစ်မျက်နှာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်၍ တပ်ဆင်စက်အင်အား ၅၆၀၀ မဂ္ဂါဝပ်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လျှောင်နှင့်ပတ်သက်၍ စစ်ကိုင်းပြတ်ရွေ့မှ အကွာအဝေး ၃၀ ဒသမ ၉ မီတာနေရာရှိ ဇောင်းတူဆည်မှာ မြေသားတမံဖြစ်ပြီး ၆ မဂ္ဂနီကျု ခံနိုင်ရည်ရှိကြောင်း၊ စစ်ကိုင်းပြတ်ရွေ့ကြောပေါ်ရှိ ဖြူးမြို့နယ်အနီး ကွန်းရေလှောင်တမံမှာ ကျောက်ဖြည့်တမံ အမျိုးအစားဖြစ်ကာ ၇ ဒသမ ၉ မဂ္ဂနီကျု ခံနိုင်ရည်ရှိကြောင်း၊ အဆိုပါဆည်တမံနှစ်ခုသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ရာတွင် တစ်စုံတစ်ရာ ချွတ်ယွင်းမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုပမာဏထက် ပိုမိုခံနိုင်ရည်ရှိသည့်ဒီဇိုင်းကို ASEAN Charter Professional Engineer (ACPE) အဖွဲ့မှ ပညာရှင်များဖြင့် အကြံပြုတွက်ချက်ပေးသွားမည်"**

ကဏ္ဍစုံဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအားရရှိမှုနှင့်အတူ လာအိုနိုင်ငံသည် ယခု ၂၀၂၆ ခုနှစ်အတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ စာရင်း(LDC)မှ ရုန်းထွက်နိုင်ရန် မျှော်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း ဆိုသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက သွားရောက်ခဲ့သည့် ကချင်ပြည်နယ်ခရီးစဉ်အတွင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ် လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ထပ်မံလေ့လာဖတ်ရှုခဲ့ရပြန်ပါသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက "ရေအားလျှပ်စစ်သည် အသက်သာဆုံးဖြစ်၍ ကချင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် မေခ၊ မလိခမြစ်နှစ်ခုမှ ပေါင်းစည်းပေးသည့် ဧရာဝတီမြစ်၏အရင်းအမြစ်များက သဘာဝတရားကြီးမားစွာ ဖန်တီးပေးထားသည့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ပြန်လည်သုံးသပ်ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း" ပြောကြားခဲ့သည်။

ဆက်လက်၍ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ဘေးအန္တရာယ်ကင်းရှင်းစွာ စီမံဆောင်ရွက်ထားရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ "အဆိုပါ စီမံကိန်းတည်ဆောက်ရေးနှင့် ပတ်သက်၍ ဒေသခံပြည်သူများ၊ ဘာသာရေးခေါင်းဆောင်များနှင့် အကျေအလည် ဆွေးနွေးရသည့်အချက်မှာ ငလျင်ကြောပေါ်တွင် ရှိနေသည့်အတွက် တမံပြိုကျပါက ဖြစ်ပေါ်လာမည့် အန္တရာယ်များအတွက် မေးခွန်းများအပေါ် တမံတည်ဆောက်မှုဒီဇိုင်း၌ ငလျင်ဒဏ်ခံနိုင်မည့်ဒီဇိုင်းဖြင့် တည်ဆောက်ရန် ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါမြစ်ဆုံစီမံကိန်းကို နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို အဓိကထား၍ ဆောင်ရွက်သွားမည်ဟု ဆိုသည်။

မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် မြစ်ဆုံအမှတ်လက္ခဏာ မပျောက်ပျက်စေရေး တမံအမြင့်နှင့် ထုတ်လုပ်မှုပမာဏ မဂ္ဂါဝပ်နှင့် ပတ်သက်၍ သက်ဆိုင်ရာနှင့် အဆိုပြုနည်းလမ်းခြောက်မျိုးဖြင့် အကြိမ်ကြိမ်ဆွေးနွေးပြီး မေခနှင့် မလိခမြစ်ဆုံမှု ရေစီးကြောင်းမပျောက်ပျက်စေဘဲ နှစ်နိုင်ငံဖြစ်နိုင်ခြေရှိပြီး စီးပွားရေးအရ တွက်ခြေကိုက်နိုင်မည့် အဆိုပြုပုံစံသုံးရပ်ကို ဆန်ခါတင်စိစစ်ကာ တမံအမျိုးအစား Concrete Face Rock Fill Dam (CFRD) ကွန်ကရစ်မျက်နှာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်၍ တပ်ဆင်စက်အင်အား ၅၆၀၀ မဂ္ဂါဝပ်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လျှောင်နှင့်ပတ်သက်၍ စစ်ကိုင်းပြတ်ရွေ့မှ အကွာအဝေး ၃၀ ဒသမ ၉ မီတာ နေရာရှိ ဇောင်းတူဆည်မှာ မြေသားတမံဖြစ်ပြီး ၆ မဂ္ဂနီကျု ခံနိုင်ရည်ရှိကြောင်း၊ စစ်ကိုင်းပြတ်ရွေ့ကြောပေါ်ရှိ ဖြူးမြို့နယ်အနီး ကွန်းရေလှောင်တမံမှာ ကျောက်ဖြည့်တမံ အမျိုးအစားဖြစ်ကာ ၇ ဒသမ ၉ မဂ္ဂနီကျု ခံနိုင်ရည်ရှိကြောင်း၊ အဆိုပါဆည်တမံနှစ်ခုသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ရာတွင် တစ်စုံတစ်ရာ ချွတ်ယွင်းမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ မန္တလေးငလျင်ကြီးလှုပ်ခတ်မှု ပမာဏထက် ပိုမိုခံနိုင်ရည်ရှိသည့်ဒီဇိုင်းကို ASEAN Charter Professional Engineer (ACPE) အဖွဲ့မှ ပညာရှင်များဖြင့် အကြံပြုတွက်ချက်ပေးသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဆက်စပ်၍ "ရေအောက်ကြမ်းပြင်ထိန်းညှိပေးမည့် လုပ်ငန်းများပါ ထည့်သွင်းထားပြီး နှစ်စဉ် မြစ်ကြီးနားမြို့ ရေဝင်ရေကြီးနစ်မြုပ်မှုမှလည်း ကင်းရှင်းစေမည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်တစ်လျှောက် မြစ်ဝကျွန်းပေါ် ပင်လယ်အဝအထိ နှစ်စဉ် နွေမိုးဆောင်းရေပြင်အမြင့် ၁၀ မီတာအမြဲရှိပြီး ဧရာဝတီတိုင်းဒေသကြီးမှ မြစ်ကြီးနားအထိ မြစ်တွင်းသွား သင်္ဘောကြီး/သင်္ဘောငယ်များ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါရေအောက်ကြမ်းပြင်မှ ထွက်ရှိလာသည့် နုန်းမြေအနယ်အနှစ်များကိုလည်း ဧရာဝတီမြစ်ဘေးတစ်လျှောက်ရှိ လုပ်ကိုင်နေကြသည့် တောင်သူများ၏ စိုက်ပျိုးမြေများအတွက် သဘာဝကပေးသည့် အဆီအနှစ်ပြည့်ဝသည့် မြေဩဇာကိုလည်း အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

စီမံကိန်းမှထွက်ပေါ်လာမည့် အကျိုးရလဒ်အားဖြင့် စီမံကိန်းအောင်မြင်ပါက နိုင်ငံတော်နှင့် ကချင်ပြည်နယ်ကိုအကျိုးပြုစေမည့် ကုန်ထုတ်စွမ်းအား ပိုမိုတိုးတက်စေမည့် လျှပ်စစ်ဓာတ်အားများရရှိရေးနှင့် ရေလမ်းကြောင်း ရာသီမရွေးအသုံးချနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ကျေနပ်ဝမ်းသာ အားရသဘောကျ လက်ခံကြသည်ဟု ဆိုပါသည်။

လျှပ်စစ်စွမ်းအားနှင့်ပတ်သက်သည့် သတင်းနှစ်ပုဒ်ကို နှိုင်းယှဉ်ဖတ်ရှုရင်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်မြင်ကွင်းပုံရိပ်များကား တဖျတ်ဖျတ် ထင်ဟပ်လာသည်။

မြန်မာ့ရုပ်မြင်သံကြား ခေတ်ဦးကာလက ရုပ်မြင်သံကြားပရိသတ်များ အထူးကြိုက်နှစ်သက်လေ့ရှိသည့် "Six Million Dollar Man"၊ "Little House on the Prairie"၊ "The Love Boat"၊ "Charlie's Angels" စသည့် ရုပ်သံဇာတ်လမ်းတွဲများကို အပတ်စဉ် ထုတ်လွှင့်ပြသလေ့ရှိသည်။

သို့သော် ကိုယ်နှစ်သက်ရာဇာတ်လမ်းတွဲကို ကြည့်ခွင့်ရချင်မှရပေလိမ့်မည်။ တစ်ခါတစ်ရံ အစ အဆုံးကြည့်ချင်မှ ကြည့်ရပေလိမ့်မည်။ ထိုခေတ် ထိုအချိန်ကတည်းက လျှပ်စစ်မီးက အစိုးမရ။ ည ၈ နာရီ သတင်းကြေညာအပြီးတွင် မကြာခဏ မီးပြတ်လေ့ရှိတတ်သည်။ တစ်ခါတလေ ဇာတ်ကားပြသနေဆဲ ကြည့်ကောင်းနေချိန်တွင် ပြတ်ချင်ပြတ်တတ်သည်။

တစ်ရက် စာရေးသူကြိုက်နှစ်သက်သည့် နိုင်ငံခြားဇာတ်လမ်းတွဲ ပြသခါနီးတွင် မီးကမလာ၊ ပြတ်နေဆဲဖြစ်၍ ငယ်ရွယ်သူပီပီ လမ်းထိပ်က လျှပ်စစ်ဓာတ်အားခွဲရုံသွပ်ခေါင်မိုးကို မှောင်ရိပ်ခို၍ ခဲစာကျွေးခဲ့ဖူးသည်။ ယခုပြန်တွေးကြည့်တော့ ပြုံးရယ်စရာဖြစ်ရသည်။ မီးပြတ်တိုင်း အဆိုပါ လျှပ်စစ်ဓာတ်အားခွဲရုံက တမင်ညစ်ပြီး မီးဖြတ်ခြင်းဖြစ်သည်ဟု တထစ်ချယူဆမိ၍ဖြစ်သည်။ ထိုစဉ်အခါက တစ်နိုင်ငံလုံးကို လောပိတဓာတ်အားပေးစက်ရုံတစ်ရုံတည်းက အဓိကလျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးနေရခြင်းဖြစ်၍ ဝန်နှင့်အားမမျှဖြစ်ကာ မကြာခဏမီးပြတ်နေခြင်းဖြစ်ကြောင်း ငယ်ရွယ်စဉ်က မသိခဲ့ရိုးအမှန်ပင်။

သည်လိုနှင့် ၁၉၉၀၊ ၂၀၀၀၊ ၂၀၁၀ စသည်ဖြင့် ဆယ်စုနှစ်အလိုက် ခရစ်၊ သက္ကရာဇ်တွေ ပြောင်းလဲရွေ့လျားလာသည်။ မိမိတို့လည်း လူလားမြောက်၍ အသက်တွေ တစ်စတစ်စ ကြီးရင့်လာကြသည်။ သို့သော် မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍကမူ လိုအပ်ချက်ရှိနေဆဲ။

ယခင်ကထက် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ပါသော်လည်း တစ်စတစ်စ တိုးတက်လာသောအခြေခံအဆောက်အအုံများ၊ ခေတ်မီလျှပ်စစ်အသုံးအဆောင်များကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုများပြားလာသည်နှင့်အမျှ ထုတ်လုပ်မှုနှင့် သုံးစွဲမှုမှာ သမင်မွေးရင်း ကျားစားရင်းဖြစ်နေဆဲပင်။

ယခုမျက်မှောက်ကာလတွင်လည်း မီးမကြာခဏပြတ်နေဆဲဖြစ်၍ "ဟာ"၊ "ဟင်"၊ "ကျွတ်"၊ "တောက်" စသည့်အားမလို အားမရအသံများ။ မီးပြန်လာ၍ "ဟေး"၊ "ဟား" ဟူသော

*စာမျက်နှာ ၁၁ သို့*

- **ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားကို နျူကလီးယားစွမ်းအင်အပြင် ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များမှ ထုတ်လုပ်ရယူလျက်ရှိကြသည်။ ယင်းတို့အနက် ရေအားလျှပ်စစ်ဖြင့် ထုတ်လုပ်မှုက အသက်သာဆုံးဖြစ်**
- **မိမိတို့၏ နိစ္စဓူဝ လူမှုစီးပွားကိစ္စအဝဝ အဆင်ပြေချောမွေ့စေဖို့၊ နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့၊ စိုက်ပျိုးမွေးမြူရေးအပါအဝင် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေဖို့ လိုအပ်သည့် လျှပ်စစ်စွမ်းအား ရရှိရေးအတွက် မိမိတို့အားလုံး ဓမ္မဓိဋ္ဌာန်ကျကျ ဆွေးနွေးအဖြေရှာကြရပါမည်**

# မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံရုံးက ပြုလုပ်သည့် ဝါဖြေပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံရုံးက ပြုလုပ်သည့် ဝါဖြေပွဲ (Iftar) အခမ်းအနားကို ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံတမန်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနား တက်ရောက်လာသူများအား မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Maziad Mohammed M Al Howishan က ကြိုဆိုနှုတ်ဆက်ပြီး ဆော်ဒီအာရေဗျနိုင်ငံ၏ ရိုးရာစွန်ပလွံသီး အစားအစာများ ခင်းကျင်းပြသထားမှုကို လိုက်လံပြသသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Maziad Mohammed M Al Howishan တို့က နှစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးနှင့် သာယာဝပြောရေးအတွက် ဆုမွန်ကောင်းတောင်း ဂုဏ်ပြုစကားများ ပြောကြားပြီး မှတ်တမ်းဓာတ်ပုံ ရိုက်ကူးကာ H.E. Mr. Maziad Mohammed M Al Howishan က ညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)




# စက်သုံးဆီနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြည်သူသို့ အသိပေးပြောကြားချက်

**နေပြည်တော် မတ် ၄**

ဒီနေ့မှာတော့ မီဒီယာများ မေးမြန်းနေကြတဲ့ စက်သုံးဆီကိစ္စနဲ့ ပတ်သက်ပြီး ပြောကြားပါမယ်။ မနေ့ကတော့ ကျွန်တော်တို့အနေနဲ့ စက်သုံးဆီခြိုးခြံချွေတာရေးအတွက် ပြည်သူသို့ အသိပေးပန်ကြားချက်ဆိုပြီးတော့ ထုတ်ပြန်ခဲ့ပါတယ်။ ဒါကို အခုက ထုတ်ပြန်ရတဲ့အကြောင်းအရင်းကတော့ နံပါတ်တစ် ကျွန်တော်တို့နိုင်ငံမှာ အရန်စက်သုံးဆီ မရှိလို့ မဟုတ်ပါဘူး။ ထပ်ပြောပါမယ်၊ အရန်စက်သုံးဆီ မရှိလို့ထုတ်ပြန်ခဲ့ခြင်း မဟုတ်ပါဘူး။ ရေရှည်ဖြစ်လာနိုင်တဲ့ ကိစ္စတွေကို တွက်ဆပြီးတော့ ကျွန်တော်တို့ ခြိုးခြံချွေတာရေးအတွက်သာ ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ စနစ်တကျအသုံးပြုပြီးတော့ ကမ္ဘာမှာ ကြုံတွေ့နေရတဲ့ လောင်စာဆီအခက်အခဲကို မြန်မာနိုင်ငံအနေနဲ့ စနစ်တကျ ဖြတ်သန်းနိုင်ဖို့ ရည်ရွယ်ပြီး ထုတ်ပြန်ခဲ့ရခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စက်သုံးဆီ သုံးစွဲမှု တစ်ရက်ကို ဓာတ်ဆီ ၁.၅ သန်း ဂါလန်ရှိပါတယ်။ ဒီဇယ်ဆီ ၁.၇ သန်း ဂါလန်ခန့်ရှိပါတယ်။ စုစုပေါင်းရင်တော့ တစ်ရက်ကို ဆီဂါလန် ၃.၂ သန်းခန့် သုံးစွဲနေတာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ လက်ရှိ မြန်မာနိုင်ငံမှာ ဓာတ်ဆီ ဂါလန်သန်း ၆၀ ရှိပြီး စုပုံထားပြီး ဖြစ်ပါတယ်။ ဒီဇယ်ဆီ ဂါလန်သန်း ၇၀ နီးပါး စုပုံထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံအတွင်းမှာ အရန်ဆီအနေနဲ့ နောက်ထပ် ရက် ၄၀ စာ ရှိတယ်လို့ ခိုင်မာစွာ ပြောကြားလိုပါတယ်။ ဒါ့အပြင် ဆိပ်ကမ်းမှာ အခုလက်ရှိ ဆီမချရသေးဘဲနဲ့ ကပ်ထားတဲ့ သင်္ဘော နှစ်စင်း ရောက်ရှိနေတာ ရှိပါတယ်။ ကျွန်တော်တို့ ဝယ်ယူထားပြီးသား လမ်းမှာ စက်သုံးဆီသင်္ဘော




၁၄ စင်း ရှိပါတယ်။ အဲဒီ ၁၄ စင်းကလည်း ကျွန်တော်တို့ဆီကို ရက်ပိုင်းတွေအတွင်းမှာ ဆိုက်ကပ်လာနိုင်ပါတယ်။ ဘာအခက်အခဲမှ မရှိဘူးဆိုတာ ပြောလိုပါတယ်။

## ပြတ်လပ်သွားစရာ အကြောင်းမရှိ

နောက်တစ်ခုကတော့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံ ထိုင်းနိုင်ငံအနေနဲ့က သူတို့နိုင်ငံကနေပြီး ဆီတင်ပို့တာ ပိတ်သိမ်းလိုက်ပြီဆိုတာကို ကြေညာတာနဲ့ပတ်သက်ပြီးတော့ ကောလာဟလ သတင်းတွေ ထုတ်လွှင့်နေတာရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာက ကျွန်တော်တို့သည် ဆီတင်သွင်းတာသည် အရှေ့တောင်အာရှနိုင်ငံတွေထဲကဆိုရင် စင်ကာပူနဲ့ မလေးရှားကနေ ကျွန်တော်တို့ တင်သွင်းနေတာ ဖြစ်ပါတယ်။ စင်ကာပူတို့ မလေးရှားတို့မှာလည်း ဆီနဲ့ပတ်သက်လာရင် သူ့တို့မှာ ရေနံချက်စက်ရုံတွေ ရှိပြီးဖြစ်ပါတယ်။ သူတို့နိုင်ငံတွေအနေနဲ့လည်း သူတို့ရေနံချက်စက်ရုံတွေကို ရပ်ပြီးတော့ နေမှာမဟုတ်ပါဘူး။ သူတို့အနေနဲ့ အရှေ့အလယ်ပိုင်းက ရေနံမရလည်း ရတဲ့နိုင်ငံကနေ ရေနံသွင်းပြီးတော့ လည်ပတ်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့အနေနဲ့က ဒါသည် သူတို့ရဲ့ လှုပ်ရှားရမယ့် စီးပွားရေးလုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် လည်ပတ်မှုရပ်တန့်စရာ မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ဒီစက်သုံးဆီနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံမှာ ပြတ်လပ်သွားစရာ အကြောင်းမရှိပါဘူး။

သို့သော် ကမ္ဘာမှာ ဖြစ်ပေါ်နေတဲ့အခြေအနေအရ စက်သုံးဆီများကတော့ ဈေးနှုန်းများက ကမ္ဘာ့ဈေးနှုန်းနဲ့အညီတော့ ဖြစ်လာနိုင်စရာ အကြောင်းရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ဒီနေ့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ စက်သုံးဆီအရောင်းဆိုင်တွေမှာ လိုက်လံပြီးတော့ ပညာပေးတာတွေ၊ လိုက်လံပြီးတော့ အသိပေးတာတွေ၊ ပြည်သူလူထုကိုလည်း မေတ္တာရပ်ခံ အသိပေးတာတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပြီးရင် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ကလည်း မကြာခင်မှာ အများပြည်သူကို အသိပေးကြေညာချက်တစ်ခု ကြေညာမှာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ စက်သုံးဆီနဲ့ ပတ်သက်ပြီးရင် ပြည်သူလူထုမစိုးရိမ်ဖို့ အကြောင်းတွေ ပါမှာဖြစ်တယ်၊ ဘယ်လိုထောက်ပံ့ရေးကွင်းဆက် စက်သုံးဆီမပြတ်တောက်ဖို့ ဘယ်လိုလုပ်မလဲဆိုတာတွေလည်း ပါမှာဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူများအနေနဲ့ ယခုကျွန်တော်တို့ သိရှိရပါတယ်။ စက်သုံးဆီဆိုင်တွေမှာ လှုံ့ဆော်မှုတွေ၊ စိုးရိမ်မှုတွေကြောင့် တန်းစီဝယ်ယူနေတာ ရှိပါတယ်။ ဆီပြတ်သွားစရာ အကြောင်းမရှိပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ စနစ်တကျလိုတဲ့သူက ဝယ်မယ်၊ စနစ်တကျ လုပ်ဆောင်သွားကြဖို့ပဲ ပြောလိုပါတယ်။ ဆီနဲ့ပတ်သက်ပြီးတော့ စက်သုံးဆီဆိုင်တွေကိုလည်း ဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ ဆီနဲ့ ပတ်သက်ပြီး မရောင်းတဲ့ စက်သုံးဆီဆိုင်တွေရှိရင်လည်း စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဖုန်းနံပါတ်တွေနဲ့ ထုတ်ပြန်ပါမယ်။ တိုင်ကြားနိုင်ပါတယ်။ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အနှစ်ချုပ်အနေနဲ့ ပြောရရင် မြန်မာနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ ရောက်ရှိနေတဲ့ စက်သုံးဆီ ပုံမှန်သုံးစွဲရင်တောင်မှပဲ ရက် ၄၀ စာ အရန်ရှိပါတယ်။ ဆိပ်ကမ်းမှာ မချရသေးတဲ့ သင်္ဘောနှစ်စင်း ရှိပါတယ်။ လမ်းမှာ စက်သုံးဆီများ ဝယ်ယူပြီးတော့ တင်ဆောင်ပြီးလာနေတဲ့ သင်္ဘော ၁၄ စင်း ရှိပါတယ်။ စက်သုံးဆီ ပြတ်တောက်စရာ အကြောင်းမရှိပါဘူးလို့ပဲ ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

*စာမျက်နှာ ၁၀ မှ*

ဝမ်းသာအားရ အာမေဋိတ်သံများကို ကြားနေရဆဲ။ လူနေအိမ်အချို့မှသည် MSME အသေးစား၊ အလတ်စားလုပ်ငန်းများ၊ အရောင်းပြခန်းများတွင် မီးစက်သံများကို ကြားနေရဆဲ။ ရေတင်မရလို့၊ ထမင်း၊ ဟင်းမချက်ရသေးလို့ စသည့်လူမှုကိစ္စအခက်အခဲများကလည်း ယနေ့ကြုံတွေ့နေရဆဲ။

နိုင်ငံနှင့်ချီ၍ဆိုရလျှင် နိုင်ငံအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးက လိုအပ်နေဆဲ။ ကုန်ထုတ်စွမ်းအား ပိုမိုတိုးတက်စေရန် လျှပ်စစ်ဓာတ်အားက လိုအပ်နေဆဲပင်။

မိမိတို့ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ မဆိုထားဘိ အင်အားကြီးနိုင်ငံကြီးများသည်ပင်လျှင် ၎င်းတို့နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မကျစေရန်၊ ပို၍ခေတ်ရှေ့ပြေးနိုင်ရန် လျှပ်စစ်ဓာတ်အားအပါအဝင် စွမ်းအင်လိုအပ်ချက်ကို အာသာငမ်းငမ်းဖြင့် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ရယူလုပ်ဆောင်လျက်ရှိသည်ကို ယနေ့ ကမ္ဘာ့မြင်ကွင်းတွင် တွေ့မြင်ကြရမည် ဖြစ်ပေသည်။

စက်မှုထိပ်သီးဂျပန်နိုင်ငံတွင်မူ နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအပြင် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံများကိုလည်း တွဲဖက်အသုံးပြုလျက်ရှိပေသည်။ တိုကျိုမြို့ရှိ J Power ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံတွင် ဩစတြေးလျမှ ထုတ်လုပ်တင်ပို့ထားသော ရောမကျောက်မီးသွေးအခဲတုံးကြီးကို မှန်ပေါင်သွင်း၍ ပြသထားသည်ကို လေ့လာတွေ့ရှိရမည် ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားကို နျူကလီးယားစွမ်းအင်အပြင် ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များမှ ထုတ်လုပ်ရယူလျက်ရှိကြသည်။ ယင်းတို့အနက် ရေအားလျှပ်စစ်ဖြင့်ထုတ်လုပ်မှုက အသက်သာဆုံးဖြစ်ကြောင်း သိရပါသည်။

မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား ၁ ယူနစ် ထုတ်လုပ်မှုတန်ဖိုးအားဖြင့် ရေအားလျှပ်စစ်မှ ပျမ်းမျှ ၈၂ ကျပ်၊ နေရောင်ခြည်စွမ်းအင်မှ ၁၇၁ ကျပ်၊ သဘာဝဓာတ်ငွေ့မှ ၂၃၅ ကျပ်နှင့် ကျောက်မီးသွေးမှ ၂၁၅ ကျပ် ကုန်ကျကြောင်း သိရသည်။

မိမိတို့၏ နိစ္စဓူဝ လူမှုစီးပွားကိစ္စအဝဝ အဆင်ပြေချောမွေ့စေဖို့၊ နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့၊ စိုက်ပျိုးမွေးမြူရေးအပါအဝင် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေဖို့ လိုအပ်သည့် လျှပ်စစ်စွမ်းအားရရှိရေးအတွက် မိမိတို့အားလုံး ဓမ္မဓိဋ္ဌာန်ကျကျ ဆွေးနွေးအဖြေရှာကြရပါမည်။

**မိမိတို့ငယ်စဉ်ကလို ကလေးအတွေးဖြင့် မီးမလာတိုင်း၊ မီးပြတ်တိုင်း စိတ်ထင်ရာမြင်ရာဖြင့် လျှပ်စစ်ဓာတ်အားခွဲရုံကို ခဲနှင့်ပစ်၍ပြဿနာကို ဖြေရှင်း၍မရနိုင်ပေ။** ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုကိုကာကွယ်နိုင်ရေး ရေထိန်းတံခါးတည်ဆောက်မှုနှင့် မြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား မတ် ၄**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြစ်ကြီးနားမြို့ ဧရာဝတီမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် မြစ်ရေနှင့်ထိစပ်သည့် မြို့ဧရိယာ တစ်လျှောက် ကမ်းထိန်းတမံ၊ ကျောက်စီရေထိန်းနံရံများနှင့် ရေထိန်းတံခါးများကို တည်ဆောက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ရေကြည်ချောင်း ရေထိန်းတံခါးတည်ဆောက်နေမှုနှင့် မြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ယခုဘဏ္ဍာရေးနှစ်နှင့် လာမည့်ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း၈၆၄၀ ဖြင့် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် အကျယ် ရှစ်ပေ၊ အမြင့်ရှစ်ပေရှိ တံခါးပေါက် ခုနစ်ပေါက် ပါဝင်သည့် ရေထိန်းတံခါးတည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ရာ ရှင်းလင်းဆောင်တွင် ပြည်နယ်ဦးစီးမှူး ဦးဇော်ဦး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပြီးစီးရမည့် လုပ်ငန်းစီမံကိန်း၏ ၅၅ ရာခိုင်နှုန်းအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အပြီးသတ်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများ စတင်ဆောင်ရွက်နေမှု ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ရေထိန်းတံခါး သံကူကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေထိန်းတံခါး ရေဝင်/ရေထွက် ပင်မမြောင်းတူးဖော်ခြင်းလုပ်ငန်း၊ ကျောက်ကြီးစီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် မြေသားတာပေါင်ဖြည့်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းများ၊ ရေကြည်ချောင်းဟောင်းနေရာကို မြေသားတမံဖို့ခြင်းလုပ်ငန်းများနှင့် ရေထိန်းတံခါးစီမံကိန်းတွင် မလွတ်ကင်းသည့် မြေဧရိယာများအတွက် အစားထိုးမြေနေရာ ဖော်ထုတ်ပေးခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေကြောင်းပြောင်းလဲမှုကြောင့် မိုင်းနား ကျေးရွာဘက်ကမ်း ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သဖြင့် ရှင်းလင်းဖယ်ရှားရမည့် စီတာပူသဲသောင်ခုံ ရှင်းလင်းရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး သဲသောင်ရှင်းလင်းရေးလုပ်ငန်းနှင့် ကမ်းနားလမ်းတာဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်က မြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဒေသခံလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ သဲသောင်တူးဖော်ခြင်းလုပ်ငန်းသည် မြို့မြစ်ရေကြီးရေလျှံမှုမှ ကာကွယ်ရန် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မိုးမကျမီ သက်ဆိုင်ရာဌာနမှ သတ်မှတ်ထားသည့် ဒီဇိုင်းပုံစံအတိုင်း စနစ်တကျ တူးဖော်ပြီးစီးရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ကြရေး၊ အထူးသဖြင့် သဲကျောက်သယ်ဆောင်သည့် ကားကြီးများ ဖြတ်သန်းသွားလာရာတွင် အများပြည်သူ ထိခိုက်မှုမရှိစေရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးကို အလေးအနက်ထား လုပ်ဆောင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်သူလယ်သမားနေ့ စကားဝိုင်းဆွေးနွေးပွဲအခမ်းအနား တက်ရောက်

**ပုသိမ် မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာ၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ စကားဝိုင်းဆွေးနွေးပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ကြသည်။





ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များ၏ နည်းပညာများပံ့ပိုးမှု၊ တောင်သူကြီးများ၏ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ကြောင်း၊ ဆွေးနွေးပွဲရလဒ်များကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပီလောပီနံလုပ်ငန်း၊ ကြိမ်၊ ဝါး၊ ဖေဒါ၊ သင် အစရှိသည့် လက်မှုလုပ်ငန်းများနှင့် MSME ထုတ်ကုန်များကိုလည်း ပိုမိုတိုးချဲ့လုပ်ကိုင်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးမှ ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ကုန်ပစ္စည်းများ ပြည်ပပို့ကုန်နှစ်ဆ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် အနှစ်သာရရှိသည့် စကားဝိုင်းဆွေးနွေးပွဲ ဖြစ်စေရေးအတွက် ဆွေးနွေးသူ တာဝန်ရှိသူများနှင့် ပညာရှင်များကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် ပေါ်ဆန်းမျိုးနမူနာ (၁၁)မျိုး၏ အထွက်နှုန်းနှင့် စားသုံးမှု အရည်အသွေးအား လေ့လာခြင်းစာတမ်းကို မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ဖတ်ကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ဟသ်ာတခရိုင် စကားဝိုင်းဆွေးနွေးပွဲ စားပွဲဝိုင်း(၃)မှ ဆွေးနွေးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ဆီဖူလုံရေး မဟာဗျူဟာရလဒ်ကို လည်းကောင်း၊ မြောင်းမြခရိုင် စကားဝိုင်းဆွေးနွေးပွဲ စားပွဲဝိုင်း(၄)မှ ဆွေးနွေးခဲ့သည့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ရလဒ်ကိုလည်းကောင်း၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ဆီစက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှုရလဒ်ကိုလည်းကောင်း၊ မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးက Agro-based Industries နှင့် မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှုရလဒ်ကိုလည်းကောင်း၊ စီးပွားရေးရာဝန်ကြီးက Digital Economy ခေါင်းစဉ်နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်သူကြီး AI ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် မတ် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပါမောက္ခများ၊ သုတေသနပညာရှင်များ၊ တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းက နေပြည်တော်ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသစ်တစ်ခုဖြစ်သော "တောင်သူကြီး AI"ကို မိမိတို့အမျိုးသားပိုင် ဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှုများ တင်ပြဆွေးနွေးရန် ရည်ရွယ်ပါကြောင်း၊ မြန်မာ့စိုက်ပျိုးရေးလောကအတွက် ထူးခြားသည့် ပြောင်းလဲမှုတစ်ခု ဖြစ်လာရန် ရည်ရွယ်ပါကြောင်း၊ ယခု AI နည်းပညာသည် အခြားသော Chatbot များကဲ့သို့ အထွေထွေသုံး AI များနှင့်မတူဘဲ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ဆောင်ထားခြင်းဖြစ်ပြီး အဓိကလုပ်ဆောင်ချက်များအနေဖြင့် အပင်ရောဂါရှာဖွေခြင်း၊ မြေဆီလွှာခွဲခြမ်းစိတ်ဖြာခြင်း၊ မျိုးစေ့ချချိန်၊ ရိတ်သိမ်းချိန်မှ အထွက်နှုန်းနှင့် ဈေးကွက်တင်ပို့မှု အဆင့်ဆင့်အထိ ကွင်းဆက်တိုင်းအတွက် ပညာပေးနိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ AI တွင် စိုက်ပျိုးရေးဆိုင်ရာ Chatbot တစ်ခုလည်း ပါဝင်သဖြင့် တောင်သူများက မိမိတို့ သိလိုသော စိုက်ပျိုးရေးပြဿနာများကို စာဖြင့်ဖြစ်စေ၊ အသံဖြင့်ဖြစ်စေ မေးမြန်းနိုင်ပြီး AI မှ ခေတ်မီသော အချက်အလက်များဖြင့် ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း။




လက်ရှိတွင် Version 1 (Beta) အနေဖြင့် စတင်လျက်ရှိပြီး နောက်ပိုင်းတွင် ပိုမိုစုံလင်သော လုပ်ဆောင်ချက်များနှင့်အတူ Play Store ၌ အလွယ်တကူ ဒေါင်းလုဒ်ရယူနိုင်အောင် စီစဉ်သွားမည်ဖြစ်ကြောင်း၊ Chatbot ကို Web-site များ၊ အင်တာနက်အချက်အလက်များနှင့် ချိတ်ဆက်ပြီး တောင်သူများအတွက် ပိုမိုပြည့်စုံသော ဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်ပါကြောင်း၊ Chatbot များ ပိုမိုကျွမ်းကျင်စွာ ဖြေကြားနိုင်ရန်အတွက် Master Prompt များ ရေးသားအသုံးပြုရန် အကြံပြုပါကြောင်း၊ ယခုနည်းပညာသည် မြန်မာ့လယ်သမားများအတွက် စိုက်ပျိုး၍ရခြင်းကို ရောင်းချခြင်းထက် ရောင်းရမည့်သီးနှံကို စိုက်ပျိုးတတ်လာစေရန် အဓိကကူညီပေးသွားမည်ဖြစ်ကြောင်း၊ ယခု AI နည်းပညာကို ပိုမိုခိုင်မာစေရန်အတွက် စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများက "တောင်သူကြီး AI"နှင့် ပတ်သက်၍ ရှေ့ဆက်လက်လုပ်ဆောင်မည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် နွေရာသီအခြေခံအားကစားသင်တန်းနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**မကွေး မတ် ၄**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်သည့် တိုင်းဒေသကြီး နွေရာသီအခြေခံအားကစားသင်တန်းနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစား ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူ လူငယ်မောင်မယ်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် နိုင်ငံတကာတွင် အောင်မြင်မှုရရှိစေရန်အတွက် ဖွဲ့လုံ့လ၊ ဝီရိယ၊ အားမာန်အပြည့်ရှိပြီး ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားသမား လူငယ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ လူငယ်လူရွယ်များ အနေဖြင့် နွေရာသီအားလပ်ရက်ကို အကျိုးရှိရှိ အသုံးချတတ်စေရေး၊ အခြေခံအားကစားနည်း တစ်ရပ်ရပ်ကို လေ့ကျင့်လိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်း မြင့်မားသော အားကစားသမားကောင်းများ၊ နိုင်ငံ့သားကောင်း သမီးကောင်းများ ဖြစ်လာစေရေး၊ ကျောင်းသားကျောင်းသူ လူငယ်များအနေဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများ ရရှိလာနိုင်စေရေး၊ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရေးနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးတို့အတွက် ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နွေရာသီအခြေခံအားကစားသင်တန်းတွင် သင်ကြားမည့် အားကစားနည်းများမှ ကရာတေး၊ ဝူရှူး၊ ရိုးရာခြင်းတို့ကို သရုပ်ပြသကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်ငွေများ၊ သင်တန်းဝတ်စုံများနှင့် သင်ထောက်ကူ အားကစားပစ္စည်းများ ပေးအပ်သည်။



အဆိုပါ ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းတွင် ဘောလုံး၊ ဖူဆယ်၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ Physical Fitness Dance နှင့်အေရိုးဗစ်၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ ကြက်တောင်၊ လက်ဝှေ့နှင့် ကရာတေးဒို စသည့် အားကစားနည်းများကို သင်တန်းနည်းပြများက စနစ်တကျ လေ့ကျင့်သင်ကြား ပြသပေးမည် ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၄**

(၃၁) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အောင်ပန်းမြို့ရှိ အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) တပ်နယ်အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော် ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု/ ကျွမ်းကျင်သူ (အရာရှိ)များ၊ သူနာပြု/ကျွမ်းကျင်သူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပညာရှင်များ၊ အငြိမ်းစားအရာရှိကြီးများ၊ ရုရှားနိုင်ငံမှ ဆေးပညာရှင်များ၊ ထိုင်းဘုရင့်တပ်မတော်ဆေးတပ်ဖွဲ့၊ ဗီယက်နမ်နိုင်ငံ ဆေးတပ်ဖွဲ့၊ လာအိုနိုင်ငံ ဆေးတပ်ဖွဲ့၊ ဘူတန်နိုင်ငံဆေးတပ်ဖွဲ့နှင့် အိန္ဒိယနိုင်ငံတို့မှ အရပ်ဘက်ဆေးပညာရှင်များ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။




ဦးစွာ (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ၏ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်က အဖွင့်အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးနှင့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသော သုတေသနပိုစတာများအား လှည့်လည်ကြည့်ရှုသည်။

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ၏ ဦးတည်ချက်မှာ “အခက်အခဲများပြားသည့်ကာလ စစ်မြေပြင်ဆေးအကာအကွယ်ပေးမှုတွင် မဟာဗျူဟာမြောက် စီမံခန့်ခွဲခြင်း”ဖြစ်ပြီး အဆိုပါအခမ်းအနားကို ယနေ့မှ မတ် ၆ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဆေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲ ပထမနေ့ အစီအစဉ်များကို ဆက်လက်ကျင်းပရာ Symposium of the Conference အဖြစ် “ စစ်မြေပြင်ထိခိုက်ဒဏ်ရာ စီမံခန့်ခွဲမှုတွင် တိုက်ပွဲဝင် အသင့်ဖြစ်စေရန် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နည်းလမ်းများ”ကိုလည်းကောင်း၊ Symposium များအဖြစ် “သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များတွင် မြန်မာ့တပ်မတော်ဆေးတပ်ဖွဲ့၏ အခန်းကဏ္ဍ”၊ “ဆေးလက်ထောက်များအတွက် စစ်မြေပြင်ထိခိုက်ဒဏ်ရာရသူများအား ပြုစုစောင့်ရှောက်မှုဆိုင်ရာ လေ့ကျင့်ရေး”၊ “ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသတွင် စစ်မြေပြင်ထိခိုက်ဒဏ်ရာရသူများ ပြုစုစောင့်ရှောက်မှုဆိုင်ရာ အတွေ့အကြုံများအား ပြန်လည်မျှဝေခြင်း”၊“တပ်မတော်ဆေးရုံများတွင် ဥပဒေရေးရာ ဆေးပညာဆိုင်ရာ အမှုအခင်းများကို ကိုင်တွယ်ဖြေရှင်းခြင်း”၊ “အမျိုးသမီးကင်ဆာရောဂါများ ကုသမှုအရည်အသွေး မြင့်မားရေးအတွက် ပြောင်းလဲလာသော လက်တွေ့ကုထုံးဆိုင်ရာများကို လေ့လာခြင်း”၊ “ကျောက်ကပ်အစားထိုးကုသရာတွင် စိန်ခေါ်မှုများနှင့် အခက်အခဲများ”၊ “တပ်မတော်ဆေးသုတေသနတပ်၏ ဆေးဘက်ဆိုင်ရာ သမိုင်းစဉ်မှတ်တမ်း”၊ “ပိုးသတ်ဆေး ယဉ်ပါးမှုဆိုင်ရာ အခြေအနေများနှင့် စိန်ခေါ်မှုများ” စသည့်ခေါင်းစဉ်များနှင့် Special Talk တစ်ခုတို့ကို ဆွေးနွေးခဲ့ကြသည်။

၎င်းအပြင် သုတေသနစာတမ်းများအဖြစ် ဆေးပညာ၊ သားဖွားနှင့် မီးယပ်ရောဂါပညာ၊ အဏုဇီဝဗေဒ၊ သူနာပြုပညာ စသည့် ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း ၃၂ စောင်တို့ကို ပါဝင်ဖတ်ကြား တင်သွင်းကြသည်။

နီးနှောဖလှယ်ပွဲသို့ တပ်မတော်ဆေးရုံ/ ဆေးတပ်ရင်းတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ ကျွမ်းကျင်သူ (အရာရှိ)နှင့် သူနာပြု/ ကျွမ်းကျင်သူ စုစုပေါင်း ၄၈၈ ဦး တက်ရောက်ခဲ့ပြီး အွန်လိုင်းမှ စုစုပေါင်း ၁၅၁ ဦး တက်ရောက်ကြသည်။

ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်သည် ယနေ့ နေ့လယ်ပိုင်းတွင် (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ရုရှားနိုင်ငံမှ Professor Ekaterina Sergeevna March-enko ဦးဆောင်သောအဖွဲ့၊ ထိုင်းဘုရင့်တပ်မတော် ဆေးတပ်ဖွဲ့မှ Col. Kathawoot Deepreecha ဦးဆောင်သောအဖွဲ့၊ ဗီယက်နမ်တပ်မတော်ဆေးတပ်ဖွဲ့မှ Senior Col. Tran Duy Hung ဦးဆောင်သောအဖွဲ့၊ လာအိုတပ်မတော်ဆေးတပ်ဖွဲ့မှ Col. Dr. Phouvilay Phounsavath ဦးဆောင်သောအဖွဲ့၊ ဘူတန်တပ်မတော်ဆေးတပ်ဖွဲ့မှ Col. Dr. Tashi Tenzin ဦးဆောင်သောအဖွဲ့၊ အိန္ဒိယနိုင်ငံမှ Dr. K. M. Man-dana ဦးဆောင်သော အဖွဲ့တို့အား အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)ရှိ ဧည့်ခန်းမတွင် အသီးသီးတွေ့ဆုံ၍ နှစ်နိုင်ငံ ဆေးပညာရပ်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် (၁)ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် (၁)ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း ၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၆ ရက်မှ ၁၇ ရက်အထိ နေ့စဉ် (၁)မိနစ်မှ (၁၈)မိနစ်ခန့်အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆူဒန်နိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားပြီး ၁၈ လအကြာတွင် အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း ကြေညာ

**ခါတွန် မတ် ၄**

ဆူဒန်နိုင်ငံ၌ ကာလဝမ်းရောဂါ ကူးစက်မှုမှာ ၁၈ လတာ ကြာမြင့်ပြီးနောက် ရောဂါကင်းစင်သွားပြီဖြစ်ကြောင်း သိပ္ပံစံနှုန်းများ၊ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ မတ် ၄ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ ဆူဒန်နိုင်ငံအတွင်းရှိ မည်သည့်ပြည်နယ်တွင်မျှ ကာလဝမ်းရောဂါဖြစ်ပွားသူ မတွေ့ရှိရတော့ချေ။ သိပ္ပံနည်းကျအချက်အလက်များနှင့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများအပေါ် အခြေခံ၍ ဆူဒန်နိုင်ငံသည် ကာလဝမ်းရောဂါကင်းစင်သွားပြီဟု ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့် ကျန်းမာရေးအရေးပေါ်ဌာန အကြီးအကဲဖြစ်သူ မွန်တက်ဆီရာ မိုဟာမက်အိုစမန်က ဆင်ဟွာသို့ ပြောသည်။ ကာလဝမ်းရောဂါကင်းစင်သွားပြီဟုကြေညာရာတွင် တိကျသောစံနှုန်းများပါဝင်ကြောင်း ရှင်းလင်းခဲ့သည်။

အဆိုပါစံနှုန်းများတွင် ရောဂါပိုးကူးစက်နိုင်သောကာလအတွင်း လူနာသစ်ထပ်မံမတွေ့ရှိရတော့ခြင်း၊ ဒေသတွင်းကူးစက်မှု ရပ်တန့်သွားကြောင်း အတည်ပြုနိုင်ခြင်း၊ ကူးစက်မှုကွင်းဆက် မရှိတော့ခြင်းတို့ ပါဝင်သည်။ နိုင်ငံခြားမှတစ်ဆင့် ကူးစက်လာသည့်အခြေအနေမှတစ်ပါး ဆူဒန်နိုင်ငံတွင် ကာလဝမ်းရောဂါကင်းစင်သွားပြီဟု အတည်ပြုနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ရောဂါနှိမ်နင်းရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက အင်တိုက်အားတိုက်လုပ်ဆောင်ခဲ့ပြီး ကာကွယ်ဆေးအလုံးရေ သန်း ၂၀ တိုက်ကျွေးခဲ့သည်။

ဆူဒန်နိုင်ငံသည် ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ ကာလဝမ်းရောဂါဖြစ်ပွားကြောင်း ကြေညာခဲ့သည်။ အစောပိုင်းစာရင်းဇယားများအရ တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရသူဦးရေ ၁၀၀၀၀၀ ကျော်ရှိပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်အထိ သေဆုံးသူ ၂၄၀၈ ဦး ရှိကြောင်း သိရသည်။ **ဆင်ဟွာ**





# စက်သုံးဆီဖြန့်ဖြူးမှု စိုးရိမ်စရာမရှိကြောင်း လာအိုအစိုးရ အသိပေး လိုအပ်မှသာ မော်တော်ယာဉ်များကို အသုံးပြုရန်တိုက်တွန်း

**ဗီယင်ကျန်း မတ် ၄**

အရှေ့အလယ်ပိုင်း မတည်ငြိမ်မှုများက ကမ္ဘာ့လောင်စာဆီဈေးကွက်ကို ရိုက်ခတ်လျက်ရှိသော်လည်း နိုင်ငံတစ်ဝန်း စက်သုံးဆီဖြန့်ဖြူးမှု စိုးရိမ်စရာမရှိဘဲ လုံလောက်သည့်ပမာဏရှိပြီး တည်ငြိမ်လျက်ရှိကြောင်း လာအိုအစိုးရက ပြည်သူများကို အသိပေးခဲ့သည်။ နှောင့်ယှက်ဟန့်တားမှုမရှိဘဲ စက်သုံးဆီတင်သွင်းမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းနှင့် လက်ရှိပြည်တွင်းအရန်စက်သုံးဆီ ပမာဏသည် လက်ရှိလိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ကြောင်း လာအိုစက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မတ် ၂ ရက်က ထုတ်ပြန်ဖော်ပြခဲ့သည်။

ပြည်တွင်းစတော့ဈေးကွက်အဆင့်များနှင့် ကမ္ဘာ့ဈေးကွက်အလားအလာကို အနီးကပ်စောင့်ကြည့်နေချိန်တွင် စက်သုံးဆီသယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးချောမွေ့စေရန် လာအိုအစိုးရက စက်သုံးဆီတင်သွင်းသူများနှင့် သာမက စက်သုံးဆီဖြန့်ဝေသူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ သို့သော် လိုအပ်မှသာ မော်တော်ယာဉ်များကို အသုံးပြုရန်နှင့် စက်သုံးဆီကို မျှမျှတတ ထောက်ပံ့ပေးနိုင်ရန် အလွန်အကျွံသုံးစွဲခြင်းကို ရှောင်ကြဉ်ရန် တာဝန်ရှိသူများက ပြည်သူများကို တိုက်တွန်းထားသည်။

ထိတ်လန့်တကြား စုပြုံဝယ်ယူခြင်းမှ ကာကွယ်ရန် ဝန်ကြီးဌာနက ငါးလီတာထက်ကျော်လွန်ရောင်းချခြင်းများကို တားမြစ်ထားသည်။ ဖြစ်ပေါ်လာနိုင်သောစိန်ခေါ်မှုများကို ဆွေးနွေးအဖြေရှာရာတွင် နိုင်ငံ့စက်သုံးဆီလုံလောက်ရန် လိုအပ်သောနည်းလမ်းများကို ချမှတ်လုပ်ဆောင်ခဲ့ကြသည်။ **ဆင်ဟွာ**



# လာအိုနိုင်ငံ၌ နိုင်ငံတစ်ဝန်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးလှုပ်ရှားမှု လုပ်ဆောင်

**ဗီယင်ကျန်း မတ် ၄**

လာအိုနိုင်ငံတစ်ဝန်းရှိ ကလေးများကိုကာကွယ်ရန် လာအိုကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) တို့နှင့် ပူးပေါင်း၍ တစ်နိုင်ငံလုံးအနှံ့ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလှုပ်ရှားမှုကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံ၌ မတ် ၃ ရက်မှစတင်၍ ကာကွယ်ဆေးတိုက်ကျွေးမှုအစီအစဉ်စတင်ခဲ့ပြီး ကလေးများ ပိုလီယိုရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်နှင့် အမျိုးသားကာကွယ်ဆေး တိုက်ကျွေးခြင်းအစီအစဉ်အားကောင်းလာစေရေး ကတိကဝတ်ကို ခိုင်မာစေသည်။ အဆိုပါလှုပ်ရှားမှုသည် ဝေးလံခေါင်ဖျားသည့်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်းရှိ ကလေးပေါင်း ၈၀၀၀၀၀ အထိ ကာကွယ်ဆေးပေးနိုင်ရေး ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို စုစည်းသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ မတ်လ ၃ ရက်နေ့ ထုတ်ပြန်ချက်အရ သိရသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ရပ်ရွာများတွင် ကာကွယ်ဆေးတိုက်ကျွေးမှုနည်းပါးခဲ့ပြီး ကာကွယ်ဆေး မသောက်သုံးရသေးသည့် ကလေးဦးရေတိုးပွားလာသည်ဟု လာအိုကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖေဗန် ကေယိုပါဆက်က မှတ်ချက်ချ ပြောကြားခဲ့သည်။

ယခုတစ်ကြိမ် ကာကွယ်ဆေးတိုက်ကျွေးခြင်းလှုပ်ရှားမှုမှာ မြို့ပြနှင့်ကျေးလက်ရှိ ကာကွယ်ဆေးသောက်သုံးနိုင်သည့်အရွယ်ရှိသော ကလေးများအားလုံးကို ကာကွယ်ဆေးအပြည့် ပေးနိုင်ရန်ပင် ဖြစ်သည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ ဖေဖော်ဝါရီလကို ခရီးသွားဧည့်သည် စံချိန်တင်ဝင်ရောက်သည့် အများဆုံးလအဖြစ် မှတ်တမ်းတင်

**ကိုလံဘို မတ် ၄**

ယခုနှစ် ဖေဖော်ဝါရီလတွင် သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် ၂၇၉၃၂၈ ဦး စံချိန်တင်ဝင်ရောက်မှုရှိခဲ့ကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။ ယင်းမှာ တစ်လအတွင်း ခရီးသွားဧည့်သည် စံချိန်တင်ဝင်ရောက်မှု အများဆုံးဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီလတွင် နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၆ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အာဏာပိုင်များက ပြောသည်။ အပတ်စဉ်အစီရင်ခံစာတွင် ထုတ်ပြန်ထားသော နေ့စဉ်ကိန်းဂဏန်းအချက်အလက်များအရ ဖေဖော်ဝါရီ ၁၂ ရက် တစ်ရက်တည်းအတွင်း နိုင်ငံတွင်းသို့ နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှု ၁၂၇၃၁ ဦးရှိသည့်အတွက် ခရီးသွားဝင်ရောက်မှု အများဆုံးရက်ဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုများအနက် အိန္ဒိယနိုင်ငံက အများဆုံးဖြစ်ပြီး ယင်းနောက် ဗြိတိန်၊ ရုရှား၊ ဂျာမနီနှင့် တရုတ်နိုင်ငံတို့က အများဆုံးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် သင်္ဘောပေါ်မှ ဆင်းသက်လာသည့် နိုင်ငံခြားခရီးသွားဧည့်သည်များအား ကြိုဆိုနေမှုကို တွေ့ရစဉ်။

# ကယားပြည်နယ် ၂၀၂၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် မတ် ၄**

ကယားပြည်နယ် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

**အောင်ချက်ရာခိုင်နှုန်းတိုးမြှင့်နိုင်ရေး**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အတွင်းရှိ စာစစ်ဌာနများတွင် စာမေးပွဲခန်းများလုံခြုံရေး၊ ကျောင်းပရဝဏ် လုံခြုံရေးနှင့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ စနစ်တကျ ဆောင်ရွက်ရန်၊ စာမေးပွဲဖြေဆိုနေသည့် ကာလအတွင်း ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးနှင့် ကျန်းမာရေးကိစ္စရပ်များ ဆောင်ရွက်ပေးရန်၊ ယခင်နှစ်ထက် အောင်ချက်ရာခိုင်နှုန်း တိုးမြှင့်နိုင်ရေးနှင့် ယခုနှစ်စာမေးပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် ပြည်နယ်ပညာရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပရေးအတွက် ကြိုတင်စီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကယားပြည်နယ်လုံးဆိုင်ရာ (၆၆)ကြိမ်မြောက် တံခွန်တိုင်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး (၆၆) ကြိမ်မြောက် တံခွန်တိုင်ပွဲတော်ကျင်းပရေးကော်မတီသို့ ထောက်ပံ့အလှူငွေကျပ်သိန်း ၂၀၀ ပေးအပ်ရာ စာပေနှင့်ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌများက လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။**ပြည်နယ်(ပြန်/ဆက်)**




# ချောင်းမငယ်ရေလှောင်တမံမှ စိုက်ပျိုးရေများစတင်ပေးဝေ



**နေပြည်တော် မတ် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ချောင်းမငယ် ဆည်ရေသောက်ဧရိယာအတွင်းရှိ နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် မတ် ၁ ရက် နံနက် ၆ နာရီမှစတင်၍ ချောင်းမငယ်ရေလှောင်တမံမှ စိုက်ပျိုးရေများ စတင် ပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (တည်ဆောက်ရေး-၅) မှ သိရသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် လယ်ဝေးမြို့နယ်အတွင်းရှိ ချောင်းမငယ် ဆည်ရေသောက်တောင်သူများမှ နွေစပါးနှင့် နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သော စိုက်ပျိုးရေကို မတ် ၁ ရက် နံနက်ပိုင်းမှ စတင်၍ စိုက်ပျိုးရေပေးဝေမည်ဖြစ်ကြောင်း တောင်သူများအား ကြိုတင်အသိပေး နှိုးဆော်မှုများ ဆောင်ရွက်ခဲ့ပြီး ချောင်းမငယ်ဆည်ရေသောက် အနေဖြင့် နွေစပါး ဧက ၅၀၀၀ နှင့် နွေသီးနှံ ဧက ၁၀၀၀ စုစုပေါင်း ဧက ၆၀၀၀ ကို စိုက်ပျိုးရန် လျာထားကာ လျာထားသည့်အတိုင်း စိုက်ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချောင်းမငယ်ဆည်ရေသောက်စနစ်အတွင်းရှိ ဆင်အုံကန်မှတစ်ဆင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ၂-၂-၂၀၂၂ ရက်မှ စတင်၍ ယနေ့အထိ တစ်ရက်လျှင် မြို့ပြသောက်သုံးရေ ရေဂါလန် ၃၄ သိန်းအား ပေးဝေလျက်ရှိပြီး မြို့ပြသောက်သုံးရေ ထပ်မံလိုအပ်မှုကြောင့် ၁-၄-၂၀၂၆ ရက်မှ စတင်၍ တစ်ရက်လျှင် ရေဂါလန် သိန်း ၆၀ ထပ်မံတိုးမြှင့်ပေးဝေသွားမည်ဖြစ်ကာ စုစုပေါင်း တစ်ရက်လျှင် ရေဂါလန် ၉၄ သိန်းအထိ တိုးမြှင့်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **ဘုန်းမြတ်**

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## တာချီလိတ်မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**တာချီလိတ် မတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက ရန်အောင်မြေရပ်ကွက်ရှိ ပါလျှံ-၁ ဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တာချီလိတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးလှမင်း၏ ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးအေးမင်းဌေး ဦးဆောင်၍ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဈေးဌာနစိတ်တာဝန်ခံ ဦးစိုင်းဆိုင်ဟိန်းနှင့် အဖွဲ့ဝင်များ၊ ဈေးတာဝန်ခံ ဦးလှမင်းအောင်နှင့် တာဝန်ရှိသူများက ပါလျှံ-၁ ဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် လှည့်လည်စစ်ဆေးအသိပညာပေးခြင်း၊ မီးသတ်ဆေးဘူးများနှင့် အရေးပေါ်မီးငြိမ်းသတ်ပစ္စည်း ထားရှိမှုများအား စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုမှု လက်တွေ့သရုပ်ပြသခြင်းနှင့် မီးဘေးလုံခြုံရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**



# လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ယင်းဥပဒေ ပုဒ်မ ၄၁ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၆) ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG)သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးနိုင်သည့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များအတွင်း ရှိ အိမ်သုံးမဟုတ်သည့်နှုန်းထားဖြင့် ကောက်ခံနေသော လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံ ဓာတ်အားလိုင်း နှင့် ဓာတ်အားစနစ်ပြတ်တောက်မှု(Line Fault and System Breakdown)မှအပ ဓာတ်အားဖြတ်တောက်မှု (Load Shed) မပြုလုပ်ဘဲ ၂၄ နာရီ သီးခြားဓာတ်အားပေးမည်ဖြစ်ပြီး၊ အဆိုပါ ဓာတ်အားအတွက် ပုံသေ ဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။

၃။ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/စီးပွားရေးလုပ်ငန်းများက အထက် အပိုဒ်(၂)ပါအတိုင်း ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အား ကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့တင်ပြလာပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ရာတွင် လက်ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ဓာတ်အားလိုင်းများမှ ဓာတ်အားသယ်ဆောင်နိုင်နင်းမှုအပေါ် မူတည်၍ ပုံမှန်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသော အများ ပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများကို လက်ရှိကောက်ခံလျက်ရှိသော ဓာတ်အားခနှုန်း (အိမ်သုံး အမျိုးအစားနှင့် အိမ်သုံးမဟုတ်သည့်အမျိုးအစားနှစ်ရပ်၏ အလွှာအလိုက် သတ်မှတ်နှုန်း) ဖြင့် ပြင်ဆင် ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါသည်။

၅။ ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက် ကောက်ခံမည့်ဓာတ်အားခနှုန်းထား သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | သုံးစွဲယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား** | | |
| | [နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း (အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/ သာသနာအဆောက်အအုံ] **မှတ်ချက်။ လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။** | ၁ မှ ၅၀ ယူနစ်အထိ | ၅၀ |
| | | ၅၁ မှ ၁၀၀ ယူနစ်အထိ | ၁၀၀ |
| | | ၁၀၁ မှ ၂၀၀ ယူနစ်အထိ | ၁၅၀ |
| | | ၂၀၁ ယူနစ်နှင့် အထက် | ၃၀၀ |
| (ခ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား** | | |
| | [စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံး ဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင် လုပ်ငန်း၊ စည်ပင်သာယာရုံး ဌာန/လုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံခြား သံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ] **မှတ်ချက်။ (၁) လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။ (၂) ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှု နိုင်နင်းခြင်းမရှိလျှင် ဓာတ်အားဖြတ်တောက် မှု( Load Shed) ရှိနိုင်ပါသည်။ (၃) စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/ စီးပွားရေးလုပ်ငန်းများက ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။** | ၁ မှ ၅,၀၀၀ ယူနစ်အထိ | ၂၅၀ |
| | | ၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်အထိ | ၄၀၀ |
| | | ၂၀,၀၀၁ယူနစ်နှင့်အထက် | ၅၀၀ |
| (ဂ) | သီးခြားတိုက်ရိုက်လိုင်းဖြင့် ဓာတ်အားရယူထားပြီး ဓာတ်အားဖြတ်တောက်မှု မရှိဘဲ ၂၄ နာရီ ဓာတ်အားရရှိသော စက်မှုဇုန်၊ အထူး စီးပွားရေးဇုန်နှင့် စက်မှု/စီးပွားရေးလုပ်ငန်းများ အမျိုးအစား | ၁ ယူနစ်နှင့်အထက် | ၉၀၀ |

၆။ ဤလျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## ပြင်ဦးလွင်မြို့နယ်၌ ကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



တရားခံ ယောဘအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မတ် ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် ယောဘ(၂၁)နှစ်၊ ဘူတာ ရပ်ကွက် နောင်ချိုမြို့နယ်နေသူ မောင်းနှင်လာသော ISUZU D–MAX မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက် သယ်ဆောင်လာသည့် ဘိန်းဖြူ ၄ ဒသမ ၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၂၂၅ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၉၈၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၇၉၇ သိန်း) နှင့် မြန်မာငွေကျပ် ငါးသိန်း တို့အား ဖမ်းဆီးရမိသဖြင့် ယောဘအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားခံ ဘရန်ဆိုင်း(ခ)အားရင်အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

## လားရှိုးမြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မတ် ၃ ရက် ညနေ ၄ နာရီခွဲက လားရှိုးမြို့ အာရုံတော်ရပ်ကွက်ရှိ ဘရန်ဆိုင်း(ခ) အားရင် (၃၀)နှစ် ၄ားရမ်းနေထိုင်သည့်နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၈၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၈ သိန်း)၊ ဘိန်းဆီခဲ ၆၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၁၈၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၀၈ သိန်း)၊ အဆင့်နိမ့်ဘိန်းခပ်ခူး ၄၅၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၂၅ သိန်း) တို့အား ဖမ်းဆီးရမိသဖြင့် ဘရန်ဆိုင်း(ခ) အားရင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

**နေပြည်တော် မတ် ၄**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ မတ် ၃ ရက်က သီးပွင့်ဆဲဘိန်းစိုက်ခင်း ၆၈ ဧကခန့်အား ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃ ရက် နံနက် ၇ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီအထိ လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ် တန့်အယ်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၃၈ ဧကခန့်အား လည်းကောင်း၊



ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်မှ ၁၁ နာရီခွဲအထိ ဟိုပုံး မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် လိုက်ကတူးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ငါးဧကခန့်အား လည်းကောင်း၊

ထို့နေ့ နံနက် ၈ နာရီ မိနစ် ၅၀ မှ မွန်းလွဲ ၃ နာရီခွဲအထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် ဗန်းမောက်ကျေးရွာအနီး တစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ကိုးဧကခန့်အား လည်းကောင်း၊

အလားတူ နံနက် ၈ နာရီ မိနစ် ၅၀ မှ ညနေ ၄ နာရီခွဲအထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်း များပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် ပန်လိုင်းကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ကိုးဧကခန့်အား လည်းကောင်း၊

ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ အထိ နမ့်စန်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သောပူးပေါင်း အဖွဲ့က နမ့်စန်မြို့နယ် နားမိုး ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ခုနစ်ဧကခန့်အား လည်းကောင်း အသီးသီးဖျက်ဆီး ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ



**နေပြည်တော် မတ် ၄**

(၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် တပ်နယ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီး ချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ဌာနချုပ်များ၊ ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆို ကြသည်။

အဆိုပါ တပ်မတော်(ရေ)ဗဟိုအဆင့်စစ်သည် တော် ကျင့်ဝတ်ပြိုင်ပွဲသို့ ဝင်ရောက်ဖြေဆိုကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာန ချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထွန်းလူနှင့် တာဝန်ရှိသူ တို့က သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တိုင်းစစ်ဌာနချုပ်အဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ပြုလုပ်

**နေပြည်တော် မတ် ၄**

၂၀၂၆ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ကျရောက်မည့် (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တိုင်းစစ်ဌာနချုပ်အဆင့် စစ်သည်တော် ကျင့်ဝတ် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ် ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက စာမေးပွဲဖြေဆိုနေသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါ တိုင်းစစ်ဌာနချုပ်အဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲအား တိုင်းစစ်ဌာနချုပ်၊ ကွပ်ကဲမှုအောက် မြစ်ကြီးနားတပ်နယ်၊ မိုးကောင်းတပ်နယ်၊ မိုးညှင်း တပ်နယ်နှင့် တနိုင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် များ ပါဝင်ယှဉ်ပြိုင်ဖြေဆိုခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် မတ် ၄**

အကြောင်း အမျိုးမျိုးကြောင့် ကျောင်းသင် ပညာရေးနည်းလမ်း နှင့် မတက်ရောက်နိုင်သည့် ကျောင်းနေ အရွယ်လွန်ကလေး များ၊ ကျောင်းပြင်ပရောက်ကလေး များနှင့် ဦးတည်အုပ်စုနှင့်ကိုက်ညီ သည့် ကလေးများကို ဒုတိယ အကြိမ် သင်ယူမှု အခွင့်အလမ်း ဖန်တီးပေးသည့်တန်းညှိပညာရေး အစီအစဉ်၏ ကျောင်းပြင်ပ မူလ တန်း ပညာရေးသင်ကြားမည့် ကျောင်းသား ကျောင်းသူများ အတွက် ကျောင်းသုံးစာအုပ်များ နှင့် စာရေးကိရိယာများ ပေးအပ် လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်း တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပညာရေး ဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင် ထွန်းနှင့် တာဝန်ရှိသူများ၊ ဖိတ် ကြားထားသည့် တိုင်းဒေသကြီး ပညာရေးမှူးရုံးများမှ ကိုယ်စား လှယ်များ၊ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အလှူရှင် PTTEP Myanmar Limited မှ တာဝန်ရှိ သူများ တက်ရောက်ကြသည်။



အစီအစဉ်အရ ကျောင်းပြင်ပ နှင့်တစ်သက်တာ ပညာရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး PTTEP Myanmar ကုမ္ပဏီလီမိတက်မှ General Manager Mr.Sup-pakan Thanatit က ကျောင်း ပြင်ပမူလတန်းပညာရေး သင်ကြား မည့် ကျောင်းသား ကျောင်းသူများ အတွက် လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြကာ PTTEP Myan-mar ၏ လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်သည့် မှတ်တမ်းဗီဒီယို ကလစ်ကို ကြည့်ရှုကြသည်။

ထို့နောက် PTTEP Myanmar မှ General Manager က ကျောင်း သုံးစာအုပ်များနှင့် စာရေးကိရိယာ များကို ပေးအပ်လှူဒါန်းရာ ကျောင်း ပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(NFME) ဒေါက်တာချိုချိုဝင်းက လက်ခံရယူ ကြောင်း သိရသည်။ **သတင်းစဉ်**

# စလင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် နွေရာသီသင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**စလင်း မတ် ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့ နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီက ကြီးမှူး၍ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း ကျင်းပသည့် ၂၀၂၆ ခုနှစ် နွေရာသီ သင်တန်းများ ဖွင့်ပွဲအခမ်းအနား ကို မတ် ၃ ရက်က စလင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်းရှိ မိုးလုံလေလုံ အားကစားခန်းမဆောင်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော် က နွေရာသီ သင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် များကို တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ လူငယ်များအား ရှင်းလင်းဆွေးနွေး ပြောကြား သည်။



ဆက်လက်၍ မြို့နယ် ပညာ ရေးမှူး ဦးဇော်နိုင်က စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ခေါင်းစဉ်ဖြင့် လူငယ်များသိရှိအောင် ရှင်းလင်း ပြောကြားကာ သင်တန်းကို မတ် ၃ ရက်မှ ၃၀ ရက်အထိ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံး အစည်းအဝေး ခန်းမဆောင် ၌ အင်္ဂလိပ်စာ၊ အရေးအပြော သင်တန်း၊ ယဉ်ကျေးလိမ္မာ သင်တန်းကို ဖွင့်လှစ်သင်ကြား သွားမည်ဖြစ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံ ခန့်ခွဲရေးနှင့်အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် များ၊ ဆရာ ဆရာများ၊ ကျောင်း သား ကျောင်းသူ သင်တန်းသား ၂၀၀၊ သင်တန်း ဆရာမ ခြောက်ဦး နှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကာ နွေရာသီ အားကစား သင်တန်းများအဖြစ် စားပွဲတင်တင်းနစ်၊ ပိုက်ကျော် ခြင်း၊ ဘောလုံး၊ ကြက်ခြေနီ၊ ဘော်လီဘော၊ အေရိုးဗစ်၊ ကြက် တောင်၊ စစ်တုရင်၊ ဂီတ၊ အက၊ လက်ဝှေ့သင်တန်းများကို ဖွင့်လှစ် သင်ကြားသွားမည် ဖြစ်ကာ ကွန်ပျူတာသင်တန်းကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးတွင် ဖွင့်လှစ်သင်ကြားပို့ချမည် ဖြစ်ပြီး အားကစားသင်တန်းများ ကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ မိုးလုံ လေလုံအားကစားခန်းမ၌ သင် ကြားသွားမည် ဖြစ်ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်လွင်(စလင်း)**



# ကယားပြည်နယ်အတွင်း မြေသားလမ်းလုပ်ငန်း အရည်အသွေး ကွင်းဆင်းတိုင်းတာစစ်ဆေး

**လွိုင်ကော် မတ် ၄**

ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး(မြို့ပြ)နှင့် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်း ရေးဌာနခွဲ(ရုံးချုပ်) အဖွဲ့တို့သည် ယနေ့နံနက်ပိုင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာ နှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တက္ကသိုလ် ရိပ်သာလမ်း အရှည် ၃၆၈၅ ပေ၊ အကျယ် ၃၆ ပေ နှင့် အမြင့် တစ်ပေ ခြောက်လက်မရှိ မြေသားတင်ကျောက်ရော မြေခင်းခြင်းလုပ်ငန်းကို မြေပြင်ကွင်းဆင်း ကောက်ယူတိုင်းတာခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မေစု(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# လွိုင်လင်မြို့ သမိုင်းဝင်မွေတော်ဖီပြစေတီ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်သစ်တင်လှူ

**လွိုင်လင် မတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ ရှေးဟောင်းသမိုင်းဝင်မွေတော်ဖီပြစေတီ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်သစ် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပွဲကို မတ် ၂ ရက်က အဆိုပါစေတီတော်၌ ကျင်းပသည်။

အခမ်းအနားကို လွိုင်လင်မြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရတနာစည်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိဇယာနန္ဒထံမှ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇေယျကျော်ထင်စိုးမြတ်ထွဋ်ရွ အမှူးပြုသည့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ်သော မေတ္တာသုတ်များကို နာယူကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ ဘုရားဒါယကာ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ပန်းခိုင်၊ ဆပ်သွားဖူးတော်တို့ကို သဟတ္ထိဒါနမြောက် သံဃာတော်များထံ ဆက်ကပ်ခြင်း၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုဆက်ကပ်ခြင်း၊ ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ပြီးနောက် လားရှိုးမြို့ မန်ဆူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဒေါက်တာ ပုညနန္ဒ ဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချတရားတော်ကို ချီးမြှင့်သည်။ ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များအား တိုင်းမှူးနှင့် ဇနီး ဦးဆောင်ကာ ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် စေတီတော် လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ပြီးနောက် ရွှေသမင်ထီးတော်တင်အဖွဲ့က စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။



ယင်းနောက် ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပြီးနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ မန်ဆူကျောင်းတိုက် ဆရာတော်၊ တိုင်းမှူးနှင့် ဇနီးနှင့် တာဝန်ရှိသူများက အမှတ်တရ သစ်ပင်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ**

# လွိုင်လင်မြို့၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ

**လွိုင်လင် မတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်/မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအခြေခံ အားကစား သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ခရိုင်လေ့ကျင့်ရေး အားကစားခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်မြင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ကျန်းမာသန်စွမ်းသည့် ကျောင်းသားလူငယ်များ ဖြစ်ပေါ်လာစေရေး၊ နွေရာသီအားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချ တတ်စေရန် ရည်ရွယ်၍ အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းနည်းအလိုက် သင်တန်းဆင်းလက်မှတ်များနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မိုးမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

အဆိုပါ နွေရာသီအခြေခံ အားကစားသင်တန်းတွင် ဘော်လီဘော၊ ဘောလုံး၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း စသည့် အားကစားနည်း ခြောက်မျိုးကို ဖေဖော်ဝါရီ ၁၂ ရက်မှ ယနေ့အထိ ဖွင့်လှစ်သင်ကြားခဲ့ရာ ကျောင်းသား ကျောင်းသူ ၂၈၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

**လွိုင်လင်မိုး**



မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာရှိ “ကျော်စံ” စက်သုံးဆီ အရောင်းဆိုင်အား မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် ဆောင်ရွက်ခြင်းကို မတ် ၄ ရက်က သရက်ခရိုင်မီးသတ် ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက လိုက်နာမှုရှိ/မရှိစစ်ဆေးဆောင်ရွက်စဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# နတ်မောက်မြို့ လူထုအခြေပြုဗဟိုဌာနဘက်စုံသုံးခန်းမ၌ အင်္ဂလိပ်စာပညာဒါန သင်တန်းဖွင့်လှစ်

**နတ်မောက် မတ် ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အင်္ဂလိပ်စာပညာဒါနသင်တန်းကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာနဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က နိုင်ငံတကာသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာကို အခြေခံမှစ၍ ကျွမ်းကျင်စွာပြောဆို ရေးသားနိုင်ရန်နှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အင်္ဂလိပ်စာသင်တန်းနည်းပြဆရာမ ဒေါ်ဂျူးဂျူးမာက English Grammar ,English Speaking တို့ကို အဆင့်ဆင့်သင်ကြားပေးမည်ဖြစ်ပြီး နတ်မောက်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၅ ဦးအား မတ် ၃ ရက်မှ ၃၁ ရက်အထိ တစ်လကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**





ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ သဃ်န်းကျွန်းဈေးနှင့် စံပြငမိုးရိပ်ဈေးတို့၌ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန်၊ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မတ် ၃ ရက်က အဆိုပါဈေးများအတွင်းရှိ ဆိုင်ခန်းများအား မီးဘေးအန္တရာယ် အသိပညာပေး ကွင်းဆင်းဆောင်ရွက်စဉ်။ သဃ်န်းကျွန်း(ပြန်/ဆက်)

# ခရမ်းမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်လှစ်

**ခရမ်း မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



ဦးစွာ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်ထက်ထက်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာ ပန်းချီပညာရှင် ပန်းချီ-ဌေးဝင်း (မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံး မြို့နယ်ဒုတိယဥက္ကဋ္ဌ) က ကျောင်းသား ကျောင်းသူများအား သင်ကြားပြသပေးသွားမည့် အခြေခံပန်းချီရေးဆွဲနည်းများနှင့် ပတ်သက်၍ မိတ်ဆက်ပြောကြားသည်။

အဆိုပါ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလကို မတ် ၄ ရက်မှ ၁၇ ရက်အထိ နေ့စဉ် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၃ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ရဲနိုင် ဦးဆောင်သည့် ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြ လေ့ကျင့်ခြင်းများကို ဆောင်ရွက်စဉ်။ မောင်မျိုးမင်း

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၃-၂၀၂၆ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ မောရပိုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၁၀** NRC အစီအစဉ်
**၁၀:၃၅** ရောဝတီရဲ့အရိုင်းဆန်တဲ့ငါးရှာဖွေကျွန်း (အပိုင်း-၁၊၂)
**၁၁:၃၅** NEXT LEVEL
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဝံဘီမ်ဝက်ဖါ' (အပိုင်း-၁၆)
**၁၃:၃၀** MRTV National News
**၁၄:၀၀** ကမ္ဘာ့တစ်ဝန်းက ရေအားလျှပ်စစ်ထုတ်လုပ်မှုများ (အပိုင်း-၁)
**၁၅:၀၀** ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ကြားရေးများ (**တတ္တဗေဒဘာသာရပ်**)
**၁၆:၄၀** ပြည်သူ့အောင်ပွဲ (အပိုင်း-၁)
**၁၇:၁၅** ပြည်သူ့အောင်ပွဲ (အပိုင်း-၂)
**၁၈:၁၅** ပြည်ချစ်သားမွန်တေးသံလက်
**၁၈:၄၅** သံစဉ်ဝေဖြာဇဝတီရိပ်တေးကမ္ဘာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ '**အတ္တဝေဇာ**' (အပိုင်း-၁၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ပြည်ချစ်သားမွန်တေးသံလက်
**၂၁:၁၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**တောက်ပသောငနှင့်ရက်များဆီသို့**' (အပိုင်း-၉)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

**07:01** Evergreen Classic: Awayyar Homtu
**07:08** Tour around Kyaukse
**07:25** Kay Tu Mar Lar "The Decision"
**08:26** Sports & Games
**08:34** Fishery Products: Pickled Prawn Business
**08:48** Tahbuhla Dam & Oakkan Chaungtha
**09:01** Daytamotbarat Sasana Land
**09:24** A Worth Keeping Treasure of Anyar

**Me**

**၀၆:၀၀** အဖွင့်၊ ဓမ္မဂီတတေးသီချင်းများ
**၀၆:၂၀** တိုင်းရင်းသားသီချင်း၊ အက(မွန်)
**၀၆:၅၀** သိုကရေးတီးဆုရ(တစ်ဦးချင်းအက)
**၀၇:၀၅** မြန်မာသံစဉ်တေးများ
**၀၇:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**တယောမြို့ပြ**' (အပိုင်း-၈)
**၀၈:၄၀** ဟိုးတုန်းကကောက်ဆက်ဇာတ်လမ်းများ '**ဝိန်းဇရိုက်နည်းသင်တန်း**'
**၁၀:၀၀** မြန်မာရုပ်မြင် '**ရှုဇော်**'
**၁၇:၄၅** ၂၀၂၆ ခုနှစ် အာရှဝလားယူ-၁၇ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာနှင့် အိန္ဒိယ)

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်မြို့ရွာကလေးရဲ့ခေါင်းရည်ချို
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၂)
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တစ်နိုင်တစ်ပိုင် ဝိုးရောင်းပိုပြုလုပ်ပုံ
**ချင်း (ဇိုမီး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ပေါ်ဒေသချောင်းကလေးမှ
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ထန်းပင်ပေါ်ကတိုင်ဝေဝေ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ထိန်းသိမ်းစိုလရှိရာအငွေ့ (ရထားဆွဲပွဲ)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
သဘာဝကျောက်စက်ပန်းဆွဲများရှိရာ ဝက်ဘာလိုက်ဂူ
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
တောင်ယာထမင်းဟင်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ရုပ်ရှိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သွေးတိုးရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကမ္ဘာ (LIVE)
**၁၇:၄၅** Football Highlihgts
**၁၈:၄၅** ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
**၁၉:၄၅** ပွေ့ရှုလေ့လာအေအိုင်နည်းပညာ
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အခါ
**၀၉:၃၀** ပြည်သူ့ဝန်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**ဆွစ်ဇာလန်နိုင်ငံ**'
**၁၀:၀၀** ဥပဒေရေးရာအကြံပြုဇာတ်လမ်းတို '**အရိပ်တကြည့်ကြည့်**'
**၁၀:၃၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း '**ဆွစ်ဇာလန်နိုင်ငံ**'
**၁၁:၀၀** လွှတ်တော်ရှိမည်ပန်းတိုင်ဆီ (အပိုင်း-၁၁၈)

**MRTV FARMERS**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၀** MSME ထုတ်ကုန်များမှသည် ကျန်းမာသော လူနေမှုဘဝဆီသို့ '**တိန်းငွေရောင် တိုင်းရင်းဆေးဝါးလုပ်ငန်း**'
**၀၇:၀၀** စိုက်ပျိုးမွေးမြူသုတသက် '**ထုတ်လုပ်မှု တိုးတက်စိုက်ပျိုးလယ်ယာပြောင်းကြစို့**'
**၀၈:၀၀** ဝက်ယူဝင်ကြားတို့လယ်သမား '**ဝင်ငွေတိုးများဖော့ကောင်းမီး စိုက်ပျိုးမွေးမြူအား**'
**၁၀:၃၀** မြန်မာဇာတ်လမ်းတွဲ '**ထာဝရမေ့မလေး**' (အပိုင်း-၅၆)

**MRTV SPORTS HD**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၅၀** Sports Diary
**၀၇:၄၀** Weekly Soccer Preview
**၁၀:၀၀** (၃၃)ကြိမ်မြောက် SEA Games ပြိုင်ပွဲ ဘော်လီဘောပြိုင်ပွဲ (အမျိုးသား) (Replay) (မြန်မာ-ဗီယက်နမ်)
**၁၇:၀၀** အားကစားသတင်း

Scan Here

Education Channel ကို နေ့စဉ် နံနက် (၉း၀၀) နာရီမှ ညနေ (၆) နာရီ (၆) ကြိမ်ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


# Naypyitaw State Academy ၊ အင်္ဂလိပ်စာအထူးပြုဘာသာရပ် ပထမနှစ်မှ မဟာတန်းအထိ တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်-တပ်ကုန်း)သို့ လာရောက်လေ့လာ



နေပြည်တော် မတ် ၄

Naypyitaw State Academy ၊ အင်္ဂလိပ်စာအထူးပြုဘာသာရပ် ပထမနှစ်မှ မဟာတန်းအထိ တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၁၅၇ ဦး သည်အုပ်ချုပ်သူ ဆရာ ဆရာမ ၂၃ ဦးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်လေ့လာကြသည်။

ကျောင်းသား ကျောင်းသူများသည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အဦရှိ Audio Mastering Studio၊ News Channel Studio နှင့် Radio Recording Studio တွင် အသံသွင်းမှုကို လေ့လာကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာကြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁) သင်တန်းဆင်း



မုဒုံ မတ် ၄

မွန်ပြည်နယ် မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့် (၁) နှင့် စစ်ဆေးအကဲဖြတ်ခြင်း (အမှတ်စဉ် - ၁၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ) သင်တန်းကျောင်းဝင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလှမိုးအောင်က ရော်ဘာထုတ်လုပ်ရာတွင် ရေရှည်တည်တံ့ပြီး ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေဘဲ စဉ်ဆက်မပြတ်ဝင်ငွေရရှိကာ အကျိုးကျေးဇူး ဖြစ်ထွန်းစေရန်နှင့် ကျွမ်းကျင်သော အစေးခြစ်လုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် စနစ်တကျ ရော်ဘာအစေးထုတ်ယူနိုင်ကာ စီးပွားရေးသက်တမ်းပြည့်သည်အထိ အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းနှင့် မိမိဒေသသို့ ရောက်ရှိပါက နည်းပညာများကို ပြန်လည်မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အငြိမ်းစားပညာရှင် ဆရာကြီး ဦးဝင်းတင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်း လက်မှတ်နှင့် သင်တန်းတွင် ဆုရရှိသော သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ခဲ့သည်။ ရာမည (ပြန်/ဆက်)

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြို အမျိုးသား(အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ ၂၀၂၆ ခုနှစ် (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်(အကြို) (၁၁၀) ရပ်ကွက် အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အမှတ်(၁၁၀)ရပ်ကွက် ရိပ်မွန်ပန်းခြံဝင်းအတွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၁၁၀) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက ကျန်းမာသန်စွမ်းသည့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်မည့် ရလဒ်ကောင်းများရရှိစေရန် ကျင်းပပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးဦးထွန်းက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ပြောကြားသည်။



ထို့နောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို Legend Brother အသင်းနှင့် ဒဂုံထိပ်ထားအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် မတ် ၁ ရက်မှ ၂၇ ရက်အထိ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပွဲစဉ်(၅) ပွဲဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ အေးမဥ္ဇူ

# လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ညောင်ပင်လေးဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ယနေ့ မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးသည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးဆောင်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်နှင့် အဖွဲ့ဝင်များ၊ ကျောက်တံတားမြို့နယ်မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးမျိုးမင်းထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ကျောက်တံတားခရိုင်စည်ပင်သာယာဈေးများရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဈေးတာဝန်ခံများပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ပင်လေးဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တပ်ဆင်အသုံးပြုထားသော လျှပ်စစ်ဝိုင်ယာကြိုးများနှင့် ပစ္စည်းများ၊ အရေးပေါ် ဝင်/ထွက်လမ်းများ၊ ကုန်ပစ္စည်းထားသိုမှုများ၊ ဈေးအတွင်းအသင့်ထားရှိသော မီးသတ်ပစ္စည်းများ အသင့်အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိမှုများ စစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## တပ်ကုန်းမြို့၌ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တပ်ကုန်း မတ် ၄**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် အောင်ဇေယျရပ်ကွက် အုပ်ချုပ်ရေးမှူးဖလား ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၁ ရက်က အဆိုပါရပ်ကွက် မူလတန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။



အဆိုပါ ဘောလုံးပြိုင်ပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်လင်းထွန်းတို့က ကြီးကြပ်၍ ပြိုင်ပွဲတွင် ရပ်ကွက်၊ ကျေးရွာများမှ ဘောလုံးအားကစားသမားများပါဝင်သည့်အသင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် T– Sport FC အသင်းနှင့် Brother FC အသင်းတို့ ယှဉ်ပြိုင်ကစားရာ T– Sport FC အသင်းက Brother FC အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆုပေးပွဲတွင် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံး ဂိုး၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းအားကစားသမားဆုနှင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ဘောလုံးအားကစားသမားများအား ပြည်ထောင်စုနယ်မြေ နေပြည်တော် ဘောလုံးအဖွဲ့ချုပ် ဒေါက်တာကျော်မင်းထွန်း၊ ဒုတိယအဖွဲ့ချုပ် ဦးကျော်စိုးလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်၊ ဆုငွေ၊ ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## တာလေမြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**တာလေ မတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ သတ္တုလုပ်ကွက်ကုမ္ပဏီဝန်ထမ်းများအား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၃ ရက်က မိုင်းလင်း(အရှေ့) ကျေးရွာအုပ်စုရှိ စံပါရမီသတ္တုထုတ်လုပ်မှုကုမ္ပဏီလီမိတက်၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက မြန်မာနိုင်ငံတွင် မီးလောင်မှုဖြစ်ပေါ်မှုများ၊ မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာဌာနများက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မြူမှုန်ကင်းစင်သော ကောင်းကင်ဖြစ်ပေါ်စေရေး မြန်မာ၊ လာအို၊ ထိုင်း သုံးနိုင်ငံပူးတွဲ လုပ်ငန်းစီမံချက် Clear Sky Strategy (2024–2030) ၏ လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာဝန်ခံအရာရှိရုံး အမှတ်(၂) သတ္တုတွင်းလုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းက မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သစ်တောသစ်ပင်စိုက်ပျိုးခြင်း၊ Fire Hotspots လျှော့ချရေး ဒေသန္တရအမိန့် ဖောက်ဖျက်ကျူးလွန်သူများအား ထိရောက်သောပြစ်ဒဏ်ချမှတ် ဆောင်ရွက်နိုင်ရေး၊ စုပေါင်းကာကွယ် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်တို့အကြောင်း ရှင်းလင်းပြောကြားပြီး ရွှေနှင့်သတ္တုတူးဖော်ရာဝယ် ဓာတ်ကြွင်းအန္တရာယ်သတိပြုဖွယ် ခေါင်းစဉ်ဖြင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ချောင်းဆုံမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက် အားကစားသင်တန်းများဖွင့်

**ချောင်းဆုံ မတ် ၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ရှည်ကာလအတွင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ မတ် ၃ ရက်က ကွမ်သဲ(အထက) ကျောင်းနှင့် မုရစ်ကြီး (မူလွန်)ကျောင်းတို့တွင် အားကစားသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကျောင်းသား ကျောင်းသူများ ကိုယ်ကာယကြံ့ခိုင်သန်စွမ်း၍ ထူးချွန်သည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး ကွမ်သဲ (အထက)ကျောင်းတွင် အေရိုးဗစ်သင်တန်းနှင့် ဘတ်စကက်ဘောသင်တန်း၊ မုရစ်ကြီး(မူလွန်)ကျောင်းတွင် မြန်မာ့သိုင်းသင်တန်းများကို မြို့နယ်အားကစားမှူးဒေါ်သက်ငုံဖူးနှင့် နည်းပြသုံးဦးတို့က မတ် ၃ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



## မိုးနဲမြို့ မြို့မဈေးမီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**မိုးနဲ မတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ စည်ပင်သာယာမြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။



မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများထားရှိမှု၊ ဈေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုအနေဖြင့် အပေါ့စား မီးသတ်စက်၊ မီးသတ်ပိုက်လိပ်၊ မီးသတ်ရေငုတ်၊ မီးသတ်ရေကန်နှင့် အခြားမီးသတ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုသက်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခိုင်ဇော်လင်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးခွန်မောင်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးခဲ့ကြပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေယာဉ်မှ ရေပိုက်များဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြ လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## မော်လမြိုင်ကျွန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်

**မော်လမြိုင်ကျွန်း မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်း (BDMC) အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို တန့်ငူကျေးရွာအုပ်စု ကွမ်းခြံချောင်း(စံပြ) ကျေးရွာရှိ ကောယနမဂ္ဂင်ယဉ်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာလင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ပြောကြားရာ သင်တန်းကာလအတွင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဝေါဟာရများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစက်ဝန်း၊ ထိခိုက်ခံရလွယ်မှု၊ ထိတွေ့နိုင်ခြင်းနှင့်ထိခိုက်ဆုံးရှုံးနိုင်ခြေတို့၏ သက်ရောက်မှု၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းကြီးခုနစ်ရပ်အကြောင်း၊ ကြိုတင်ကာကွယ်ရေးနှင့် ဘေးလျော့ပါးရေး၊ ပြန်လည်ထူထောင်ရေးစသည့် သင်ခန်းစာအကြောင်းအရာများကို သင်တန်းကာလ မတ် ၄ ရက်မှ ၆ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

## မြင်းမူမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း မတ် ၄**

မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအဖွဲ့တို့ ပူးပေါင်း၍ မတ် ၃ ရက်က မြင်းမူမြို့ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် သနွေမီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုမဖြစ်ပေါ်စေရေး၊ မီးလောင်မှုဖြစ်ပွားပါက မြန်မြန်သိ၍ မြန်မြန်ငြိမ်းသတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်ရေးစနစ်များ ထပ်မံဖြည့်တင်းတပ်ဆင်နိုင်ရေး၊ ဆက်သွယ်ရေးစနစ်များကောင်းမွန်စေရေး၊ လောင်စာသိုလှောင်ထားရှိမှု၊ ဝင်လမ်းထွက်လမ်းများကောင်းမွန်စေရေး၊ အရေးပေါ်ရေ လုံလောက်စွာရရှိစေရေး၊ ဈေးများအတွင်း မီးဖိုမီးအသုံးပြုမှုမရှိစေရေး စစ်ဆေးခဲ့ပြီး ဈေးသူ ဈေးသားများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ 191 Report appli–cation ကို တွင်တွင်ကျယ်ကျယ် အသုံးပြုတတ်စေရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**



❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်/ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန်ပြင်ဆင်ခြင်း ရှိမရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှုရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ.၃၁၆၇၅)၊ မြေဧရိယာ(ဂ.၂ဂ၁)ဧကရှိ ဦးစိုးမြင့်လွင် (ဘ) ဦးဘစံ ၈/ပခက(နိုင်)ဂ၇၃၉၆၉ အမည်ပေါက် နှစ် (၃ဂ) မြေငှားစာချုပ် မြေကွက်ကို ဦးစိုးမြင့်လွင်မှ ဒေါ်ခိုင်ငြိမ်းဝင်း(ဘ) ဦးထွန်းကြည် ၉/မဟမ(နိုင်)ဂဂ၃ဂ၄၈ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ဝါယာလက်(၂)လမ်း၊ အမှတ် ( ၃၄၇ )၊ (၂) ခန်းတွဲ(၈)ထပ်တိုက်၊ ပဥ္စမထပ်(ဖ)လွှာ(A) ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း ( ၁၇ပေ X ၅၆ပေ ) တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အခန်းပိုင်ရှင် ဒေါ်ခင်ခင် (၁၂/မရက(နိုင်)ဂ၇၅၈၄၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နေရည်ဝိုင်း (၁၂/ဥကမ(နိုင်)၁၇၆၉၉၄) က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ( ၇ ) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးမြင့် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၃၄၄)**
**ဖုန်း- ဂ၉-၉၇ဂ၇၁၁၂၄၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၇

ဦးသန်းထွန်းအောင် နှင့် ဒေါ်စိုးစိုးသိန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးဝင်းမြိုင်)

တရားလို — တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (ဖ-၁၄ / ၅)၊ ထွန်တုံးရပ်ကွက်နေ ဒေါ်စိုးစိုးသိန်း (ဘ) ဦးခင်လှိုင် (၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဦးဝင်းမြိုင်(ဘ) ဦးစိန်ဖေ ၁၂/ကမရ(နိုင်)ဂ၄၁၅၃၆ ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးသန်းထွန်းအောင် က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဂဂ-၁)၊ ဦးပိုင်အမှတ် (၂၄)၊ ဧရိယာ (ဂ ဒသမ ဂ၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မတ်လ (၂၄) ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( နန်းလဲ့ရည်စိုးဦး )**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြရတနာ(၅)လမ်း၊ အမှတ်(၂၂၈၃/၂) ဦးမြအောင် အမည်ပေါက် နှစ် (၆ဂ) မြေငှားဂရန်မူရင်းပါ မြေအကျယ်ပေ (၂ဂx၆ဂ) ရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ရေ/မီးပါသော နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်မိမှူးမြတ်နိုး (၁ဂ/မလမ(နိုင်)၂၄၆၄၈၇) မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးမြင့်ဆွေ(၁၂/ဥကမ(နိုင်)ဂ၁၁၈၇၁)မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁ဂ) ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်ဆွေ၏ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဋ္ဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် ၆၆ဂ၅)၊(၂ဂ-၇-၁၉၉၈)**
**ရုံး-(ဃ/၃ဂ၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-ဂ၉ ၅၄ဂ၇၂၂၉**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (27-C1)၊ စမ်းချောင်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ ခြံအမှတ် (၆၂)၊ မြေကွက်အမှတ် (၁၀၁)၊ အကျယ်အဝန်း (ဂ.ဂ၃၉)ဧကရှိ ဒေါ်လီဒီယာဇန်ရှာန်းကိမ်း (၅/ကလထ (နိုင်) ၁၈၈၈၃၈) အမည်ပေါက် နှစ်(၆ဂ)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းလင်းဦး (၁၂/မရက (နိုင်) ၁၃၈၈၄၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ဇူးဇူးစန္ဒီကြူး (၅/မရန (နိုင်) ၂၁၄၉ဂ၆)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၅၅၃ဂ)** |

**ဂ၉ ၅၅ဂ ၆၁၄၆ ၊ ဂ၉ ၄၂ဂ ၁၂၄ဂဂ၃**

## အပူဒဏ်အန္တရာယ် ကာကွယ်ရေး

ကလေး သူငယ်များ၊ သက်ကြီး ရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်း အချိန်တွင် အရိပ်ရ အေးမြ၍ လေဝင် လေထွက် ကောင်းသော နေရာများတွင် နားနေပါ။

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၇)၊ မြေကွက်အမှတ် (၅၉၈) ဟုခေါ်တွင်သော မြေအလျား x အနံ (၄ဂx၆ဂ)ပေရှိ မြေချပါမစ်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကျင်ရီ (MMN-၅၃၃၄၇၁) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်နိုင်ထွန်း(၁၄/လမန(နိုင်)ဂ၇၆၇ဂ၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂ဂ၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁ဂ၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-ဂ၉-၇၇၂၇၇၇၇၁၂၊ ဂ၉-၄၅၆၉၉၆၇၇၆၊ ဂ၉-၉၇၃ဂဂ၂၁၁၇**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီး ၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာနမှ
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း
## အမှတ်စဉ် (၅/ ၂၀၂၅-၂၆) ကြော်ငြာ

၁။ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်းစိန်မြို့နယ်၏ လုံးပတ်(၃)ပေအောက် နဘဲသစ်လုံး (၆)လုံး၊ (၀ ဒသမ ၂၄၇၄) တန်၊ နဘဲခွဲခြမ်း (၂၃) ခြမ်း (၂ဒသမ၂၇၉၆) တန်၊ နဘဲခွဲသား/ဖရုံစိတ်(၂၉)ချောင်း (၂.၃၆၄၂)တန်နှင့် တောင်သရက်ခွဲသား(၂၁) ချောင်း(၀ ဒသမ ၇၁၅၂)တန်၊ ထန်းတပင်မြို့နယ်မှ အခြားခွဲသား (၂၆၅) ချောင်း၊ (၀ဒသမ၈၉၆၂) တန်နှင့် ပုံမှန်လေလံအတွက် တိုက်ကြီးမြို့နယ်မှ အခြားသစ်လုံး(၆၂)လုံး၊ (၁၃ ဒသမ ၉၂၀၀)တန်၊ အခြားခွဲသား (၄၀၆) ချောင်း၊ (၁၂ ဒသမ ၂၁၆၆) တန်နှင့် ထန်းတပင်မြို့နယ်မှ (၃၆) ပေါင်ဝင်မီးသွေး (၁၆၄) အိတ်၊ (၂၀ဒသမ၉၉၂၀)တန်တို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်-

**ကျင်းပမည့်အစီအစဉ်**

(၁) **နေ့ရက်/ အချိန်** - (၁၂-၃-၂၀၂၆)ရက် နံနက်( ၉ : ၃၀ ) နာရီမှ မွန်းလွဲ (၁၃ : ၀၀) နာရီထိ

(၂) **နေရာ** - သစ်တောခမ္မာရုံ၊ ကြို့ကုန်းသစ်တောဝင်း ဘုရင့်နောင်လမ်း ၊ အင်းစိန်မြို့နယ်

၂။ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်လိုင်စင်ရရှိထားသည့် ပရိဘောဂနှင့် ပန်းပုလုပ်ငန်းရှင်များ၊ သစ်အခြေခံ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ သစ်စက်နှင့်သစ်အရောင်းဆိုင်လုပ်ငန်းရှင်များသည်(၆-၃-၂၀၂၆)ရက်မှ (၁၁-၃-၂၀၂၆)ရက်ထိ အင်းစိန်မြို့နယ် (အနောက်ကြို့ကုန်း)ရှိ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊ ခရိုင်သစ်တောဦးစီးဌာနမှူးရုံး၌ ဈေးပြိုင်လေလံဝယ်ယူခွင့် လျှောက်လွှာ (၁)စောင်လျှင်(၃၀၀၀ိ/-)နှုန်းဖြင့် လိုင်စင်မိတ္တူနှင့်အတူ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် လပ်ပုံများကို လေလံလျှောက်လွှာဝယ်ယူပြီးသည့်ရက်မှစ၍ လေလံတင်ရောင်းချမည့် ပစ္စည်းတည်ရှိရာနေရာများတွင် ဝယ်ယူမည့်သူကိုယ်တိုင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့်အချက်အလက်များအား အသေးစိတ် သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၉-၂၅၃၀၉၂၀၂၉နှင့် ၀၉-၄၂၅၃၆၃၀၂၇ သို့ စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ**
**ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ တောင်ရိပ်လမ်း၊ ကက (၄၈၆)နေ မနှင်းနန္ဒာ ၁၃/တကန (နိုင်)၂၈၃၇၀၈ ၏ မိခင် ဒေါ်အုန်းလှိုင် (ခ) ဒေါ်အုန်းအုန်းလှိုင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ အထက (ခွေးမလောင်)မှ ဒု-အလယ်တန်းပြ ဆရာမ ဒေါ်ကြည်ကြည်စမ်း(ခ) ဒေါ်ကြည်ကြည်စန်း (ခ) ဒေါ်ကြည်စန်း ၈/စတရ(နိုင်)၀၁၆၈၅၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန်၊ ဖခင်အမည်မှန်

ပင်လောင်းမြို့နယ်၊ အမက ပင်လောင်းကြီးကျောင်းမှ မူလတန်းပြ ဆရာမ မူးစန္ဒာ၏ အမည်မှန်မှာ မူစန္ဒာအေး ၁၃/ပလန(နိုင်)၀၃၃၄၉၈ဖြစ်ပြီး ဖခင် အမည်မှန်မှာ ဦးခွန်မော်ဆွင် ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ရပ်စောက်မြို့နယ်၊ အမက ကျောင်းကုန်း Grade-5 မှ မောင်သားဖြိုးဟန်၏ မိခင် အမည်မှန်မှာ ဒေါ်သန်းဦး ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ (၂၀) လမ်း၊ တိုက်အမှတ် (၇၈၅)၊ အခန်းအမှတ်-ပဉ္စမထပ်(ခြောက်လွှာ)အေ (ခေါင်းရင်းခန်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်း ကြောင်းဝန်ခံကတိပြုသူ ဦးအေးကြိုင် (၁၂/ဥကမ(နိုင်)၀၀၀၃၅၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းနွယ် (၁၄/အဂပ(နိုင်)၁၅၂၀၆၀)က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)** **ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆)** **ဒေါ်သိမ့်သဉ္ဇလီ (LL.B, LL.M) (စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း (အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ ကျိုက်ဝိုင်းရိပ်သာလမ်း၊ အမှတ် (၁၆၃/က)နေ (ဖခင်) (ဦးတင့်ဆွေ)၊ (မိခင်)ဒေါ်သန်းသန်းလွင်တို့၏ သားဖြစ်သူ မောင်ဟိန်းဇော်တင့် (ခ)စိုင်းဇော်ဦး(၁၂/မရက (နိုင်)၁၆၃၂၈၄) သည် မိဘများ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူပြီး မိဘနေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် မောင်ဟိန်းဇော်တင့် (ခ) စိုင်းဇော်ဦးနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်သန်းသန်းလွင်**

## စစ်ကိုင်းမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ
## လေလံလျှော့က်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် စစ်ကိုင်းမြို့နယ်တရားရုံး၊ ရာကြီးမှု (၁၉) မှုမှ သက်သေခံပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **လေလံလျှောက်လွှာရောင်းချမည့်ရက်** - (၆-၃-၂၀၂၆) ရက်မှ (၁၁-၃-၂၀၂၆)ရက်အထိ

(ခ) **လေလံလျှောက်လွှာရောင်းချမည့်နေရာ** - မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး၊ စစ်ကိုင်းမြို့

(ဂ) **လေလံတင်ရောင်းချမည့်ရက်/အချိန်** - (၁၂-၃-၂၀၂၆) ရက် (၁၀၀၀)နာရီ

**(ဃ) လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး၊ စစ်ကိုင်းမြို့

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၂-၂၁၁၁၁ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )**
**ကျိုက်ထိုခရိုင်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃ နှင့် ဆက်နွယ်သည့်**
**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၈**

ဘီးလင်းမြို့နယ်သမဝါယမအသင်းစု လီမိတက်(၎င်း၏ကိုယ်စား ဦးအောင်ဝင်း [(သပြေနီကျေးရွာ၊ရွှေသပြေလယ်ယာနှင့် အထွေထွေသမဝါယမအသင်းလီမိတက် (ဥက္ကဋ္ဌ)] **နှင့်** ၁။ ဦးစိုးအောင် [သပြေနီကျေးရွာ၊ ရွှေသပြေလယ်ယာနှင့် အထွေထွေသမဝါယမ အသင်းလီမိတက် (အခြေခံအသင်း၏ဥက္ကဋ္ဌ)] ၂။ ဒေါ်ကြည်ငွေး (ကွယ်လွန်သူဦးငွေးလင်း၏ တရားဝင်ကိုယ်စားလှယ်)

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

(၁) တရားရှုံး ဦးစိုးအောင် (သပြေနီကျေးရွာ၊ ရွှေသပြေလယ်ယာနှင့် အထွေထွေသမဝါယမအသင်းလီမိတက် (အခြေခံအသင်း၏ဥက္ကဋ္ဌ) (ဘ) ဦးစံရွှေ၊ သပြေနီကျေးရွာ၊ ဘီးလင်းမြို့နယ်၊ ကျိုက်ထိုခရိုင်၊ မွန်ပြည်နယ် (ယခုနေရပ်လိပ်စာမသိ) နှင့် (၂) တရားရှုံး ဒေါ်ကြည်ငွေး (ကွယ်လွန်သူ ဦးငွေးလင်း၏ တရားဝင်ကိုယ်စားလှယ်)၊ သပြေနီကျေးရွာ၊ ဘီးလင်းမြို့နယ်၊ ကျိုက်ထိုခရိုင်၊ မွန်ပြည်နယ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးစန္ဒာဟိန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုက်ထိုခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- အောင်ချမ်းသာတိုးချဲ့ ၊ မြေကွက်အမှတ် (၁၅၇၂)၊ အလျား x အနံပေ(၄၀ x ၆၀)အကျယ်ရှိ ဒေါ်ဝင်းမာ(ခ)ဂွက်ဂွက် အမည်ပေါက် မြေကွက်နှင့် မြေကွက်အမှတ်(၁၅၇၃)၊ အလျား x အနံပေ (၄၀ x ၆၀) အကျယ်ရှိ ဒေါ်သိန်းဟံ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ (၁) ဦးဝင်းနိုင် (၁၂/သလန(နိုင်)၂၀၄၆၀၆)၊ (၂) ဒေါ်အေးအေး (၁၂/သလန(နိုင်)၂၀၄၆၀၇)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်နွယ်မြင့် (၁၂/သလန(နိုင်)၀၀၉၁၁၈)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်း မူရင်း များနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိမော် (ခ) အိသဉ္ဇာအောင် (LL.B, DIPL) (စဉ် - ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း - ၀၉၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အုံမြားစုရပ်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၉/ရှားပင်ကုန်း)၊ ဦးပိုင်အမှတ်(၁-အတွင်း)၊ မြေကွက်အမှတ် (၅၂/၁၂၁)၊ ပိုင်ဆိုင်ခွင့်(အစိုးရ)၊ မြေမျိုးနှင့်အတန်း (မြို့မြေ)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိ မြေကွက်အား ဒေါ်နုနုအောင်မှ လူနေထိုင်ရန်အတွက် မြေငှားဂရန် (အသစ်) လျှောက်ထားလာပါသည်။ ထိုသို့ လျှောက်ထားလာမှုအပေါ် မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ချောက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း၊ ချောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း၊ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက လူနေထိုင်ရန် အတွက် မြေငှားဂရန် (အသစ်) လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်သည်။

**ကော်လိတ္တော်အရာရှိ**
**ချောက်ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ချောက်ခရိုင်၊ ချောက်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အိမ်မဲမြို့နယ်၊ အမက (မြို့မ-၁) ကျောင်းမှ မူလတန်းပြ ဆရာမ ဒေါ်အေးသန်း ၁၄/အမန(နိုင်) ၀၀၉၀၄၄ ၏ အမည်မှန်မှာ ဒေါ်အေးသန်း(ခ) ဒေါ်အေးအေးသန်း မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်အေးသန်း(ခ)**
**ဒေါ်အေးအေးသန်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/ ၇၆၁၂၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR) စတင်အသုံးပြုဆောင်ရွက်မည့် အစီအစဉ်ကို ပြည်သူသို့အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအချို့တွင် မိုဘိုင်းလက်ကိုင်ဖုန်းများ အပါအဝင် မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေး စက်ပစ္စည်းများ၏ မူရင်းအမှတ်အသား (International Mobile Equipment Identity - IMEI Code) ကို ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register- CEIR) ၌ မှတ်ပုံတင်စေ၍ နိုင်ငံအတွင်းရှိ ဆက်သွယ်ရေးကွန်ရက်များနှင့် ချိတ်ဆက်အသုံးပြုခြင်းလုပ်ငန်းစဉ် အား ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတွင်လည်း မိုဘိုင်းလက်ကိုင်ဖုန်းသုံးစွဲသူပြည်သူများအနေဖြင့် စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး နိုင်ငံတော်သို့ ကျသင့်အခွန်များ ပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို ပြည်တွင်းတွင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ၂၀၂၆ ခုနှစ်၊ မတ်လ ပထမပတ်မှစ၍ ဗဟိုမိုဘိုင်း စက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR) အား စတင်အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ အများပြည်သူတို့ လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်းများကို အခွန်ပေးဆောင်ရန် မလိုအပ်ဘဲ ဆက်လက်အသုံးပြုနိုင်ရန် CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် အလိုအလျောက်ထည့်သွင်း ပေးသွားမည်ဖြစ်ပါသည်။ အဆိုပါ ခွင့်ပြုစာရင်းတွင် ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ နောက်ဆုံးထားပြီး ဆက်သွယ်ရေးကွန်ရက် (MPT ၊ ATOM ၊ U9 ၊ Mytel) များ၏ SIM Card များ ထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန်လိုအပ်မည်ဖြစ်ပါသည်။

၄။ မိုဘိုင်းလက်ကိုင်ဖုန်းများနှင့် မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများကို ပြည်ပမှ တင်သွင်းလိုသည့်ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းဆောင်ရွက်ကြရမည်ဖြစ် ပြီး ကျသင့်အခွန်များကို ပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည် ဖြစ်ပါသည်။

၅။ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ ခွင့်ပြုစာရင်းတွင်မပါရှိသည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များနှင့် စတင်ချိတ်ဆက်အသုံးပြုချိန်မှ ရက်ပေါင်း (၃၀) အတွင်း ယာယီအသုံးပြုခွင့် ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း ကျသင့်အခွန်နှင့် ဒဏ်ကြေးများ ပေးဆောင်ပြီးမှသာ ဆက်လက်အသုံးပြုခွင့် ရရှိမည်ဖြစ်ပါသည်။

၆။ အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ မိုဘိုင်း လက်ကိုင်ဖုန်း၏ မူရင်းအမှတ်အသား (International Mobile Equipment Identity - IMEI) ကို ထည့်သွင်းပြီး အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့် ကျသင့်အခွန်နှင့်ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၇။ နယ်စပ်ဒေသများ၊ အင်တာနက်ရရှိရန်ခက်ခဲသောဒေသများရှိ ပြည်သူများအတွက် အဆိုပါ ဒေသရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာနရုံးများတွင်ဖြစ်စေ ကျသင့်အခွန်နှင့်ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ ကြည့်ရှု၍ဖြစ်စေ၊ CEIR Call Center နံပါတ်များဖြစ်သည့် ၁၅၇၇ နှင့် ၁၇၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း၍ဖြစ်စေ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီ**

## (၁၃-၂-၂၀၂၆)ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာတွင် အများသိစေရန်ကြေညာခြင်းအပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ (၁)၊ စနိုးဘောလမ်း၊ အိမ်အမှတ် (ည/၁၈၃)နေ ဒေါ်ခင်အေးမူ (ဘ)ဦးမြင့်ဆွေ (၁၃/တကန(နိုင်) ၂၄၇၂၄၇) ကိုင်ဆောင်သည့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်အေးမူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်-

ဒေါ်မိုးမိုးထွေးပါ - ၄ ဦးမှ အများသိစေ ရန်ကြေညာထားသော ဒေါ်ခင်အေးမူ လက်ရှိထားနေထိုင်နေသည့် တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ (၁)၊ စနိုးဘောလမ်း၊ အိမ်အမှတ် (ည/၁၈၃) နေအိမ်ဥပစာသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်အေးမူနှင့် ကွယ်လွန်သူခင်ပွန်း ဦးမောင်မှီတို့မှ ဝယ်ယူပိုင်ဆိုင်သည့် နေအိမ်ဥပစာ ဖြစ်ပါသည်။

ဦးမောင်မှီသည် ကျွန်ုပ်၏မိတ်ဆွေနှင့် အိမ်ထောင်မပြုမီ ဒေါ်ခင်သီနှင့် အိမ်ထောင်ကျပြီး ကန့်ကွက်လွှာပါ ဒေါ်မိုးမိုးအေး၊ ဦးခင်မောင်စိုး၊ ဒေါ်မာလာနှင့် ဒေါ်မိုးမိုးထွေးဆိုသော သားသမီး (၄) ဦး ရှိခဲ့ပါသည်။ ဒေါ်ခင်သီမှာ (၁၉၉၈) ခုနှစ်ခန့်တွင် ကွယ်လွန်ခဲ့ပြီးနောက် ဦးမောင်မှီမှာ ကျွန်ုပ်၏မိတ်ဆွေနှင့် (၂၀၀၃) ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ပေါင်းသင်းလက်ထပ်ခဲ့ပြီး သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။

ဦးမောင်မှီသည် သက်ရှိထင်ရှားရှိစဉ်က တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ (၁)၊ သရေခတ္တရာလမ်း၊ အိမ်အမှတ် (ည/၁၂၂) ရှိ မြေကွက်အား (၈-၁၂-၂၀၁၁) ရက်တွင် ငွေကျပ် (၄၂၅) သိန်းဖြင့် ရောင်းချခဲ့ပြီးနောက် သားသမီးများဖြစ်သော ဒေါ်မိုးမိုးအေး၊ ဒေါ်မာလာနှင့် ဒေါ်မိုးမိုးထွေးတို့အား တစ်ဦးလျှင်ငွေကျပ်သိန်း (၁၀၀) စီ အမွေခွဲ ဝေပေးခဲ့ပါသည်။

ဦးမောင်မှီ၏သားဖြစ်သူ ဦးခင်မောင်စိုးအား တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊နယ်မြေ(၁)၊စနိုးဘောလမ်းနှင့်မင်္ဂလာဂူကျောင်းလမ်းထောင့်ရှိ မြေကွက်အား အပြီးအပိုင်ပေးအပ်ခဲ့ပြီးဖြစ်၍ ဦးခင်မောင်စိုးမှ ၎င်းရရှိထားသောမြေကွက်များအား ပြန်လည်ရောင်းချခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် အများသိစေရန်ကြေညာချက်တွင်ပါရှိသော ဒေါ်မိုးမိုးထွေးပါ - ၄ ဦးအား ဖခင်ဖြစ်သူ ဦးမောင်မှီမှ အသီးသီးအမွေခွဲဝေပေးခဲ့ပြီးဖြစ်သောကြောင့် ဦးမောင်မှီသည် (၂-၂-၂၀၂၆) ရက်တွင် ကွယ်လွန်သွားပြီးဖြစ်၍ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်အေးမူ လက်ရှိထားနေထိုင်နေသော တောင်ကြီးမြို့ ၊ ညောင်ဖြူစခန်း ရပ်ကွက်၊ နယ်မြေ (၁)၊ စနိုးဘောလမ်း၊ အိမ်အမှတ် (ည/၁၈၃) နေအိမ်ဥပစာသည် ဦးမောင်မှီ၏ တရားဝင် ဇနီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်အေးမူမှ အမွေဆက်ခံပိုင်ဆိုင်လက်ရှိဖြစ်သော နေအိမ်ဥပစာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်အေးမူလက်ရှိထားနေထိုင်ပိုင်ဆိုင်သော အထက်ဖော်ပြနေအိမ်ဥပစာနှင့် ပတ်သက်၍ ဒေါ်မိုးမိုးထွေးပါ - ၄ဦးမှ အများသိစေရန် ကြေညာထားချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာ၍ အများသိစေအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးစန်းယုနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၅၆/၂၅-၁၀-၂၀၁၂)၊**
**ဒေါ်မွန်မွန်သန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၅/၂၇-၁၀-၂၀၁၆)၊**
**ဦးစိုင်းဆမ်နွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၄၁/၃၁-၁၀-၂၀၂၃)၊**
**လ/၁၀၈၊ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်ရပ်ကွက်၊ တောင်ကြီးမြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ ကလွင်ရေပုန်းရပ်၊ မြို့ပတ်(၁)လမ်းနေ ဦးစိုးနိုင်နှင့် ဒေါ်စောမူတို့၏သမီးဖြစ်သူ မမိုးဇူလှိုင်ထွန်း (ခ) မိုးဇူ ၆/မမန(နိုင်)၂၀၆၉၂၅ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများ အကြိမ်ကြိမ်အခါခါစိတ်ဆင်းရဲသောကရောက်အောင် ပြုလုပ်၍ မိမိသဘောဆန္ဒ အလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်မည်သို့သောကိစ္စမျိုးကိုမဆို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးစိုးနိုင် -ဒေါ်စောမူ**

## အမှားပြင်ဆင်ချက်

(၄-၃-၂၀၂၆) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၆) ရှိ ကြော်ငြာကဏ္ဍတွင် တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်ဆွေ၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာ၌ ဦးဝိစာလမ်းဟုမှားယွင်းဖော်ပြခဲ့ရာအမှန်မှာ ဦးဝိဇ္ဇာလမ်း ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် RA/1087 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၂၉၅၆, Honda Click 125, m/c ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၆/မအရ(နိုင်)၀၉၀၂၇၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/8811, MULTIPURPOSE VEHICLE (KZL-10), MICRO BUS (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးဖြိုးနွယ် ၁၀/ဘလန(နိုင်)၀၆၀၉၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅ )**

**မြို့သစ်မြို့နယ်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၀**

ဒေါ်ခင်နွယ်ဝင်း နှင့် ၁။ ဦးဝင်းလှိုင်
၂။ ဒေါ်လှလှ
၃။ ဦးဝင်းကြိုင်
၄။ ဒေါ်ခင်စန်းဝင်း
၅။ ဒေါ်ခင်ဝင်းစန်း

မြို့သစ်မြို့နယ်၊ မကြီးကုန်းကြီးကျေးရွာနေ(ဘ)ဦးသြဘာ၏သမီးဖြစ်သူ ၄-တရားပြိုင်ဖြစ်သူ မခင်စန်းဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခင်နွယ်ဝင်းက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မတ်လ (၉) ရက် တပေါင်းလဆုတ် (၇) ရက် မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင်အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဘက်စီဘာ)
**မြို့နယ်တရားသူကြီး**
**မြို့သစ်မြို့နယ်တရားရုံး**

## ဈေးဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းခြင်းအား ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

၁။ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြို့မဈေးရှိအောက်ဖော်ပြပါဈေးဆိုင်ခန်းရှင်များမှ ဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသည်-

၂။ အထက်ပါလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနသို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကလျှောက်ထားလာသည့်အတိုင်း ဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်ခန်းအမှတ် | မူလဆိုင်ခန်းပိုင်ရှင် | | | အသစ်ပြောင်းလဲမည့်ဆိုင်ခန်းပိုင်ရှင် | | |
|---|---|---|---|---|---|---|---|---|
| | | | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
| ၁ | မြို့မဈေး | ဟံသာဝတီလမ်းဈေးရုံ (ဈ-၁/၁) | ဒေါ်မိမိချို | ၁၃/လရန(နိုင်) ၁၂၄၇၉၆ | န.မ(၈)၊ရ.က(၁၀)၊လားရှိုးမြို့ | ဦးဂျော်နီ | ၁၃/လရန(နိုင်)၁၀၄၈၇၉ | န.မ(၃)၊ရ.က(၉)၊လားရှိုးမြို့ |
| ၂ | မြို့မဈေး | ရွှေကံ့ကော်ရုံ (၃၀၂/၃၀၃) | ဦးသက်နိုင် | ၁၃/လရန(နိုင်)၀၈၃၇၅၂ | န.မ(၁၈)၊ရ.က(၅)၊လားရှိုးမြို့ | ဦးမင်းဦး | ၁၃/လရန(နိုင်)၀၈၃၇၅၁ | န.မ(၁၈)၊ရ.က(၅)၊လားရှိုးမြို့ |
| ၃ | မြို့မဈေး | ကုန်ခြောက်ရုံ (ထ-၁/၁) | ဦးမရန်တန် | ၁၃/လရန(နိုင်)၀၂၃၁၉၆ | န.မ(၉)၊ရ.က(၇)၊လားရှိုးမြို့ | ဒေါ်ဝင်းဝင်းမော် | ၈/ရစက(နိုင်)၀၅၄၃၁၁ | န.မ(၃)၊ရ.က(၉)၊လားရှိုးမြို့ |
| ၄ | မြို့မဈေး | မြတ်လေးရုံ (ဂ-၂/၆) | ဒေါ်အေးစိန် | ၁၃/လရန(နိုင်)၀၃၁၈၇၇ | န.မ(၆)၊ရ.က(၅)၊လားရှိုးမြို့ | ဦးနေမျိုးဦး | ၁၃/လရန(ပြု)၀၀၀၃၀၇ | န.မ(၆)၊ရ.က(၅)၊လားရှိုးမြို့ |
| ၅ | မြို့မဈေး | အောင်သပြေရုံ (၁၃၂/၁၃၃) | ဒေါ်အေးစိန် | ၁၃/လရန(နိုင်)၀၃၁၈၇၇ | န.မ(၆)၊ရ.က(၅)၊လားရှိုးမြို့ | ဦးနေသူဟိန်း | ၁၃/လရန(ပြု)၀၀၀၃၄၄ | န.မ(၆)၊ရ.က(၅)၊လားရှိုးမြို့ |
| ၆ | မြို့မဈေး | ချယ်ရီရုံ(ပုံစံ-၃) (၃၄၈) | ဒေါ်အေးစိန် | ၁၃/လရန(နိုင်)၀၃၁၈၇၇ | န.မ(၆)၊ရ.က(၅)၊လားရှိုးမြို့ | ဦးစိုင်းအန် | ၁၃/လရန(နိုင်)၁၈၅၆၃၄ | န.မ(၁)၊ရ.က(၅)၊လားရှိုးမြို့ |
| ၇ | မြို့မဈေး | ချယ်ရီရုံ(ပုံစံ-၃) (၁၀၈) | ဒေါ်အေးစိန် | ၁၃/လရန(နိုင်)၀၃၁၈၇၇ | န.မ(၆)၊ရ.က(၅)၊လားရှိုးမြို့ | ဦးနေသူဟိန်း | ၁၃/လရန(ပြု)၀၀၀၃၄၄ | န.မ(၆)၊ရ.က(၅)၊လားရှိုးမြို့ |
| ၈ | မြို့မဈေး | ရွှေကံ့ကော်ရုံ(ပုံစံ-၂) (၇၅) | ဒေါ်နန်းငွေပုလဲ | ၁၃/လရန(နိုင်)၀၂၉၂၈၃ | န.မ(၄)၊ရ.က(၈)၊လားရှိုးမြို့ | ဒေါ်သီရိထွန်း | ၁၃/လရန(နိုင်)၁၁၁၀၄၃ | န.မ(၄)၊ရ.က(၈)၊လားရှိုးမြို့ |

## ကျောင်းအမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ အာရောဂျံ ဆေးခန်း အနောက်ဘက်လမ်း၊ ခဲလယ်တောင်ရပ်၊ အမှတ်-၃၉ နေ ဒေါ်နွယ်သော်တာထွန်း(ဘ) ဦးထွန်းဝင်း (၉/ပဥလ (နိုင်) ၀၀၃၂၆၅)မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

အောက်တွင်ဖော်ပြထားသော **ကံ့ကော်အိမ် ကိုယ်ပိုင်ကျောင်း**၏ အမည်၊ တံဆိပ်အမှတ်အသားကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ (၁၁-၂-၂၀၂၆)ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်- ၀၄၀/၂၀၂၆ ဖြင့် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ဖြစ်သည်။

KANT KAW EAIN

အဆိုပါ **ကံ့ကော်အိမ် ကိုယ်ပိုင်ကျောင်း** အမည်ကိုပင် အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းခွဲများဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်း၊ လက်ကမ်းကြော်ငြာ၊ ရုပ်ရှင်ဆလိုက် ကြော်ငြာ၊ ဆိုင်းဘုတ်၊ ဘလောက်၊ စတစ်ကာ၊ ဗီနိုင်း၊ TV၊ VIDEO၊ VCD၊ DVD၊ INTERNET၊ E-MAIL၊ WEBSIDE၊ ကြော်ငြာ၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ LETTER HEAD ငွေရပြေစာဖြတ်ပိုင်း၊ ဒီဇိုင်းတံဆိပ်တုံး၊ ပြက္ခဒိန်အင်္ကျီအမျိုးမျိုး၊ ပညာရေး လုပ်ငန်း အစရှိသည်တို့တွင် အဆိုပါ အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုးဖြင့်ရိုက်နှိပ်ပြီး မြန်မာပြည်တစ်ဝန်းလုံးတွင် ဖြန့်ချိသုံးစွဲသွားမည် ဖြစ်ပါသည်။ သို့အတွက် အထက်ပါ **ကံ့ကော်အိမ် ကိုယ်ပိုင်ကျောင်း**၏ တံဆိပ်အမည်၊ အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား သံတူကြောင်းကွဲဖြစ်စေမည့်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်သုံးစွဲ လက်ဝယ်ထားရှိခြင်း မပြုလုပ်ပါရန်နှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်မူပိုင်ရှင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲသုံးစွဲခြင်းများ တွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအမှတ်တံဆိပ်အမည်အမှတ်အသားများကို မူလတီထွင်ဖန်တီးသူမှ မူပိုင်အဖြစ်သုံးစွဲလျက်ရှိကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နွယ်သော်တာထွန်း ၉/ပဥလ (နိုင်) ၀၀၃၂၆၅**
**အမှတ်- ၃၉ ၊ ခဲလယ်တောင်ရပ်၊ ရပ်ကွက်ကြီး (၄)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်နွယ်နီ ၅/ခဥတ(နိုင်)၀၇၂၇၃၂ (ဘ)ဦးကပ်ကျော် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၄၇၁၄)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၉၂၇/၂၀၂၂ (၆-၁၀-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးလင်းထက်ခိုင် ၉/ပဗသ(နိုင်)၀၂၃၇၁၀ (ဘ)ဦးရွှေကြိုင်မှ ဒေါ်သန်းသန်းနု ၅/မရန(နိုင်)၀၂၆၁၅၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်လာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက် လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှာ(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၀)၊ မြေကွက်အမှတ်(သီးသန့် ၄)၊ မြေဧရိယာ(၀ဒသမ၃၄၄)ဧကရှိမြေအား ဦးသောင်းအေးမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ(၀ဒသမ၁၁၀) ကေရှိ မြေကွက်အမှတ်(ပ-၂၀၁၈၃) ကို အမည်ပေါက် ဒေါ်ရီရီမြိုင် (ဘ)ဦးသန်းကျော် ၁၄/မအပ(နိုင်)၂၂၆၇၉၁ မှ ဦးဇေယျာအောင် (ဘ)ဦးအောင်နိုင်သူဇစ်တာ ၁၂/မဂတ(နိုင်) ၀၈၅၄၆၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄) ရပ်ကွက်၊ ကံ့ကော်ပန်းလမ်း၊ မြေကွက်အမှတ် (၈၃၆)၊ ဦးစိုင်းသောင်းညွှန့် အမည်ပေါက် ဂရန်မူရင်းပါ မြေအကျယ်ပေ (၄၀x၆၀) အနက်မှ အမှတ်-၈၃၇နှင့်ကပ်လျက်ဘက် (ဂရန်မိတ္တူခြမ်း) မြေအကျယ်ပေ(၁၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်မျိုးမျိုးဝေ (၁၂/မရက(နိုင်) ၁၂၄၆၉)သည် အမည်ပေါက်ထံမှ တစ်ဆင့်၊ အဆင့်ဆင့်သောအရောင်းအဝယ်စာချုပ်တို့ဖြင့် ဝယ် ယူပိုင်ဆိုင်ပါကြောင်း၊ အရောင်းအဝယ်ပြုခဲ့ပြီးသည့် အဆင့်ဆင့်အရောင်းအဝယ်စာချုပ်တို့သည် စစ်မှန်သည်ကို(အလုံးစုံ)တာဝန်ယူပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ဦးကျော်ထွေး(၁၂/ရပသ(နိုင်)၀၂၄၉၅၄) မှ ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါ သည့်နေ့မှ (၇) ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင် ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ထွေး၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LLB)**
**တရားလွှတ်တော်ရှေ့နေ-စဉ်-၆၆၀၅(၂၀-၇-၁၉၉၈)**
**ရုံး/အိမ်-အမှတ်(ဃ/၁၀၄)၊ပထမထပ်၊ခေမာသီလမ်း၊မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉ ၅၄၀ ၇၂၂၉**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အစိုးရနည်းပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် မောင်အေးစက် Grade-11 ၏ ဖခင်အမည်မှန်မှာ ဦးကိုင်လီ ၅/လဟန(နိုင်) ၀၁၃၁၈၃ ဖြစ်ပါကြောင်း။

**ဦးကိုင်လီ**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ချမ်းသာရွာနေ ဦးကျော်ကျော်လွင် ၏သမီး မသူဇာလွင် ၅/ရဥန(နိုင်)၀၇၁၃၈၄ ၏ နိုင်ငံကူးလက်မှတ် အမှတ် (M-429983)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၉၁၀၂၇၀၁

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ ဈေးရပ်ကွက်၊ အကွက်အမှတ် (၂)၊ ဈေးရပ်၊ ဦးပိုင်အမှတ် (၁၇၇)၊ မြေကွက်အမှတ် (၂၇၂)၊ ဧရိယာ (၀.၀၃၇)ဧကရှိ ဘိုးဘပိုင်မြေအား အမည်ပြောင်းလဲပေးပါရန် ဒေါ်မေသန္တာထွန်း ၈/မကန(နိုင်) ၀၃၃၇၆၇၊ ဒေါ်ကောင်းမွန်ဇော် ၈/သရန(နိုင်)၀၈၅၆၂၉မှ လျှောက်ထားလာသည့်အတွက် ၎င်းအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်မတိုင်မီ စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သရက်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဈယ/၄၃၄၇၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်နေ ဦးအေးဝင်း(ခ)ဦးပု၏သား ဦးဝင်းညွန့်အောင် ၇/ပခန(နိုင်) ၁၆၈၉၅၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MB-448227)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၉၁၀၂၇၀၁

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၀၄၅)၊ ဧရိယာ(၀.၀၉၉)ဧကရှိ နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဦးအေးနိုင် ၁၂/ဒဂန(နိုင်) ၀၀၄၃၃၈ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ယမင်းသူဇာ(ဘ)ဦးတင်ဆင့်၊ ၉/ပမန(နိုင်) ၁၇၉၃၃၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ ရွှေဘုံသာရပ်ကွက်၊ အကွက်အမှတ် (၃)၊ ရွှေဘုံသာ၊ ဦးပိုင်အမှတ် (၁၅၄)၊ မြေကွက်အမှတ် (၂၃၂)၊ ဧရိယာ (၀.၀၃၅) ဧကရှိ ဘိုးဘပိုင်မြေအား အမည်ပြောင်းလဲပေးပါရန် ဒေါ်ယဉ်သူမောင် ၈/သရန (နိုင်)၁၀၃၀၃၃ မှ လျှောက်ထားလာသည့်အတွက် ၎င်းအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်မတိုင်မီ စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သရက်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄/၃၄၄၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၁၄)၊ သုဇနဗဟိုလမ်း၊ အရှေ့လားသော် ဒေါ်ခင်စိုး နေအိမ်၊ အနောက်လားသော်လမ်း၊ တောင်လားသော် ဦးလွင်မျိုးသူ နေအိမ်၊ မြောက်လားသော် ဒေါ်သီသီနွယ် နေအိမ်၊ ၎င်းအလား(၄)ရပ်အတွင်းရှိ ဒေါ်ခင်ဆန်း (၉/မထလ(နိုင်)၁၈၁၇၉၂) မှ (အလျား ၃၀'-၀"x အနံ ၃၃'-၀") Steel Structure(၁)ထပ် သွပ်မိုး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင် တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ပငကျေးရွာ၊ အလယ်ပိုင်း၊ နိုင်တလန္ဓန်လမ်း၊ အမှတ် (၁၁၂)နေ ဦးအောင်တင်လေး ၁၀/သဖရ(နိုင်)၀၅၈၃၃၁ နှင့် ဒေါ်အေးအေးခိုင် ၁၀/သဖရ(နိုင်)၀၅၅၅၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်တင်လေးနှင့် ဒေါ်အေးအေးခိုင် တို့၏သမီးဖြစ်သူ မထွန်းထက်ထက်အောင် ၁၀/သဖရ(နိုင်)၁၃၂၄၆၇ သည် မိဘများဖြစ်ကြသော ဦးအောင်တင်လေးနှင့် ဒေါ်အေးအေးခိုင်တို့အား ကိုယ်စိတ်နှစ်ပါးဆင်းရဲစေရန်နှင့် ဂုဏ်သိက္ခာထိခိုက်စေရန် အမျိုးမျိုးပြုမူဆောင်ရွက်ပြီး မိဘများခွင့်မလွှတ်နိုင်သောကိစ္စရပ်များအား အကြိမ်ကြိမ်ကျူးလွန်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်၍ မိဘများနှင့်သက်ဆိုင်ခြင်း မရှိတော့ပါသဖြင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးတော့မည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပန်းအိဖြူ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၁၉)**
**မ(၂၀)၊ ပဒုမ္မာလမ်း၊ ကြာကန်ရပ်ကွက်၊ သံဖြူဇရပ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၈/ရွာသစ်)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ (၀.၁၀၁)ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲ အမှတ် ၂၈၁ V ၁၉၉၆ အရ ဦးတင်မောင်အေး အမည်ဖြင့် မြေငှားဂရန် ရရှိထားသည့်မြေအား (၇-၈-၂၀၂၀) ရက်မှစ၍ ဦးနေမင်း အမည်သို့ မူလသက်တမ်းအတိုင်း (၁၂-၄-၁၉၉၆ ရက်မှ ၁၁-၄-၂၀၂၆ ရက်ထိ) နှစ်(၃၀) ချထားပေးသောမြေဖြစ်ပြီး အဆိုပါ မြေငှားစာချုပ်မှာ(၁၁-၄-၂၀၂၆)ရက်တွင် မြေငှားစာချုပ်သက်တမ်း ကုန်ဆုံးပြီဖြစ်၍ ဦးနေမင်း အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၂၄-၂-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၂၃၉၆၀ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွဋ်လှိုင် ၁၂/ဒဂတ(နိုင်)၀၀၁၀၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဦးရဲလင်းကို ၁၄/ဝခမ(နိုင်) ၂၁၉၆၃၁ နှင့် ဒေါ်မေဇန္နဝါရီ ၁၄/ဝခမ (နိုင်)၂၄၀၈၂၇ တို့သည် ၂၅-၂-၂၀၂၆ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် ကွာရှင်းပြတ်စဲပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲလင်းကို**
**၁၄/ဝခမ(နိုင်)၂၁၉၆၃၁**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၆၃၄

| | | |
|---|---|---|
| ၁။ ဒေါ်စုစု (ခ) ဟမီသာဘီ | နှင့် | ၁။ ဒေါ်အာဇီမာ |
| ၂။ ဦးစန်းဦး (ခ) ရှဖီး | | ၂။ ဒေါ်ပုံပုံ |
| ၃။ ဦးစန်းလွင် (ခ) ကာစင် | | ၃။ ဒေါ်လုံးလုံး |
| ၄။ ဦးမောင်လွင် (ခ) စသစ် | | ၄။ ဦးလှမြင့် (ခ) ဂျမား |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူများ)** |

၂၀၂၄ ခုနှစ်၊ ဖွန်လ ၂၅ ရက်စွဲပါ သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀၀၃/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

လျှောက်ထားသူအမှတ် (၂) ဦးစန်းဦး (ခ) ရှဖီးကွယ်လွန်၍ ၎င်း၏ဇနီး ဒေါ်အိုက်ရှာဘီအား တရားဝင်ကိုယ်စားလှယ်ထည့်သွင်းပေးပါရန် လျှောက်ထားခြင်းအပေါ် သဘောထားတင်ပြရန် မွန်ပြည်နယ်၊မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၃၄) နေ လျှောက်ထားခံရသူအမှတ် (၂) ဒေါ်ပုံပုံနှင့် လျှောက်ထားခံရသူ အမှတ် (၃) ဒေါ်လုံးလုံး (ယခုနေရပ်လိပ်စာမသိသူတို့) သိစေရမည်။

ယခုအမှုတွင် သင်္ဃန်းကျွန်းခရိုင် တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင် စာရင်းတင်သွင်း၍ အဆိုပါတရားဝင်ကိုယ်စားလှယ်ကိစ္စကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ ချိန်းဆိုလိုက်သည်။ တန်ခူးလဆန်း ၁၃ ရက်)တွင် သဘောထားတင်ပြရန် ဤရုံးတော်မှ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ဥပဒေအရခွင့်ပြုထားသူ တရားဝင်ကိုယ်စားလှယ်ကိစ္စကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အများသိရှိနိုင်ပါရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်ခရိုင်၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –၂၂၊ မြတ်လေး–၈ လမ်းရှိ မြေကွက်အမှတ်–(၄၅၆/ခ)ဟုခေါ်တွင်သည့် အကျယ်ပေ (၂၀ x ၆၀)ရှိ ခြံမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏စာရင်းတွင် ဒေါ်မူမူမြင့်(ဘ)ဦးကျော်ရင်(၁၂/သကတ(နိုင်)၁၂၇၀၉၈) ကိုင်ဆောင်သူနှင့် ဦးအောင်ခိုင်မြင့်(ဘ)ဦးကျော်မြင့်(၁၂/သကတ(နိုင်)၁၄၉၈၇၆)တို့၏အမည်ဖြင့် ပူးတွဲမှတ်သားတည်ရှိပြီး (၂၂–၈–၂၀၁၆)ရက်နေ့တွင် နှစ်(၆၀)သက်တမ်းရှိ မြေငှားဂရန်ချထားပေးသော ခြံမြေဖြစ်ပါသည်။

အဆိုပါ ဂရန်မြေအမည်ပေါက်သူများဖြစ်သော ဒေါ်မူမူမြင့်ထံမှ ၎င်းပိုင်စိတ်ပိုင်းထားသည့် (၁၀x၆၀)အကျယ်ရှိ ခြံမြေကွက်အား(၂၈–၁–၂၀၂၄) ရက်နေ့တွင်လည်းကောင်း၊ ဦးအောင်ခိုင်မြင့်ပိုင် စိတ်ပိုင်းထားသည့် (၁၀ x ၆၀) အကျယ်ရှိ ခြံမြေနှင့်တစ်ထပ်တိုက်အဆောက်အဦး(၁)လုံး၊ လျှပ်စစ်မီတာတို့အား (၂၈–၁–၂၀၂၄) ရက်နေ့တွင်လည်းကောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်သူ(၈/မလန(နိုင်) ၁၁၄၅၉၃)က ကာလပေါက်ဈေးအတိုင်း အပြည့်အဝပေးချေဝယ်ယူကာ လက်ရှိထားစီမံမှုပြုနေသည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။

အထက်ဖော်ပြပါ ခြံအမှတ်(၄၅၆/ခ)ရှိနေအိမ်နှင့် ခြံမြေကွက်ကို ကာယကံရှင်၏ခွင့်ပြုချက်မရှိဘဲ ရောင်းချ/ဝယ်ယူခြင်းများ ပြုလုပ်ရာတွင် မှားယွင်းဝယ်ယူမိ၍ နစ်နာခြင်းများ မဖြစ်ပွားစေရန် ရည်ရွယ်သည့်အပြင် အဆိုပါနေအိမ်နှင့်ခြံမြေ၏ စီမံခန့်ခွဲပိုင်ခွင့်အရပ်ရပ်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးမြင့်သူ တစ်ဦးတည်းနှင့်သာ သက်ဆိုင်ပါကြောင်း အများသိရှိသတိထားနိုင်ပါရန် အသိပေးကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–** **ဦးမြင့်သူ**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲဆုဇာခြည်သိမ့်**
**LL.B,D.B.L,D.I.L, (W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၄၆)**
**အမှတ်(၃၇)၊T.T.Uရှေ့၊သန်လျင်မြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၉၆၉၆၃၆၅၁၊၀၉–၄၄၅ ၉၇၉ ၁၂၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၅)၊ အင်းယားမြိုင်လမ်း၊ မြေကွက်အမှတ် (၁၀၅၄) ရှိ ဦးအောင်သိန်းငွေး ၁၂/သဃက(နိုင်)၀၆၉၉၆၂ အမည်ပေါက် အကျယ်အဝန်း ပေ (၄၀ x ၆၀) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေပေါ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ကြူကြူဆွေ ၇/ဖမန(နိုင်)၁၀၃၂၂၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုပြည့်ငယ်ငယ် ၁၄/ဝခမ(နိုင်)၃၁၅၂၇၄ က အပြီးအပိုင် တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထား မူရင်းများကိုကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုပြည့်ငယ်ငယ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, WI.P.O Switzerland)**
**အထက်တန်းရှေ့နေ (စဉ်– ၅၂၀၇၃)**
**အမှတ် (၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း–၀၉–၄၅၆၁၃၃၄၄၆၊ ၀၉–၇၇၅၀၀၈၃၆၅**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တာကြီးသပြေ၊ ရန်ကုန်တွံတေးလမ်းမ၊ မြေကွက်အမှတ် – 34+36 ၊ (ပေ ၈၀ x ပေ ၆၀) အကျယ်ရှိ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုသူ ဦးမျိုးအောင် ၁၂/တမန(နိုင်)၀၉၄၄၃၈ ထံမှ အရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံပြောဆိုလျက် အပြီးပိုင်ရောင်းချလိုကြောင်း ကျွန်တော်ဦးသူရလင်း ၁၂/ဒဂမ(နိုင်)၀၀၈၃၄၀ ထံသို့ ကမ်းလှမ်းပြောဆိုလာသဖြင့် ဝယ်ယူလိုသည့်ဆန္ဒရှိ၍ ယင်းမြေကွက်၏ တန်ဖိုးငွေကိုဝယ်ယူသူ ကျွန်တော်ဦးသူရလင်းမှ ရောင်းချသူ ဦးမျိုးအောင်ထံသို့ ၂၉–၅–၂၀၂၁ ရက်တွင် ငွေပေးချေ အပြီးအပိုင်ဝယ်ယူပြီး မြေကွက်နှင့်ပတ်သက်သော စာချုပ်စာတမ်းများနှင့်တကွ လက်ရောက်ရရှိ တရားဝင်ပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသူရလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ချမ်းမြေ့လှိုင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၈၉၂)**
**အမှတ် ( ၄၀၊ ၄၁ ဘီ)၊ ဘုရင့်နောင်လမ်းနှင့် အောင်သပြေလမ်းထောင့် ၊**
**ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း–၀၉–၄၄၄၉၁၈၁၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅) တောင်ကြီးမြို့နယ်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် –၃၄

| | | |
|---|---|---|
| ဒေါ်နန်းထီး | နှင့် | ဒေါ်နီနီဝင်း |
| (တရားလို) | | (တရားပြိုင်) |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၄)ရပ်ကွက်၊ အမှတ် (၃၂/၁၁၁၊၁၁၂) နေ ဒေါ်နီနီဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းထီးက “မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ် ချုပ်ဆိုပေးစေလိုမှု” နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( စည်းစိမ်မှူး )**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စန္ဒာလွင်(ခ)ဒေါ်ပူရာပသီး ၇/လပတ(နိုင်)၁၅၅၈၄၈ ပိုင်ဆိုင်သော ယာဉ်အမှတ် 1A–6162 ၏ C.N.G ကတ်အနီ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

ဖုန်း–၀၉–၄၂၀၀၃၆၉၇၉

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ အမှတ် (၂၂၈)၊ ဒေါ်သွယ်သွယ်မြင့် အမည်ပေါက်၊ (၁၇/၇၅ ပေ) အကျယ်ရှိမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ခန်းတွဲ၊ ငါးထပ်တိုက် ၏ (၁၅/၇၂ ပေ) အကျယ်၊ (၁၄ ပေ) အမြင့်ရှိသော မြေညီတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးကို မြေရှင်နှင့် ကန်ထရိုက်တာတို့ချုပ်ဆိုထားသော စာချုပ်အရ ကန်ထရိုက်တာ ဦးလှဝင်း ၁၂/တမန(နိုင်)၀၃၆၈၆၂ က တစ်ဦးတည်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကာ ကြိုပွဲဝင့်စနစ်ဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ထက်လှိုင် ၇/ပတန(နိုင်)၁၀၂၃၉၀မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းအားပေးချေထားပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း မူရင်းအထောက်အထားများ ခိုင်လုံပြည့်စုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စပယ်ဖြူဖြူဦး**
**(LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၂၉၅)**
**ဖုန်း–၀၉ ၇၉၅ ၁၉၂ ၆၀၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၅၃၊ မြေကွက်အမှတ် – ၁၆၅ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) ရှိ ဦးတင်လှိုင် (BQ ၀၂၅၅၇၇) အမည်ပေါက် ပါမစ်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဦးဘိုဘိုဟန် ၁၂/ဗဟန(နိုင်)၀၁၀၄၇၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မေသင်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခိုင်ငြိမ်းဆွေ (LL.B)** | **ဒေါ်မေဝင်းမော် (LL.B)** |
| **စဉ်– ၁၁၄၄၅/၂၀၁၆** | **စဉ်– ၁၃၇၂၈/၂၀၁၇** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် – ၄၀၅၊ (၆) လမ်း၊ အပိုင်း (၃)၊ ငမိုးရိပ်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း– ၀၉–၄၂၀၀၂၉၃၇၃၊ ၀၉–၄၄၈၀၂၀၀၄၃**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ တောင်ပြင်(၂)ရပ်ကွက်နေ ဦးကြည်သန်း–ဒေါ်ပန်းရုံ (၁၄/ကခန(နိုင်)၀၈၄၄၈၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ မောင်အောင်မင်းပိုင်(၁၄/ကခန(နိုင်)၀၉၀၆၈၈) သည် မိခင်ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ မောင်အောင်မင်းပိုင်နှင့်ပတ်သက်သည့် ကိစ္စအဝဝသည် မိခင်ဖြစ်သူနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပန်းရုံ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုဝေလွင်၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်–၁၃၉၈၈(၂၉–၁၂–၂၀၁၇)**
**ဆတ်သွား/ အမှတ်–၄၊ တောင်တွင်းကြီးမြို့နယ်**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ရောက်ရှိမည့် (၈၁)နှစ်မြောက် **“တပ်မတော်နေ့”**ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၆–၃–၂၀၂၆)ရက် (သောကြာနေ့)ညတွင် တပ်မတော်ဆိုင်ရာ တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **“ပြည်ချစ်သားမွန် တေးသဝဏ်”** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

(၆–၃–၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “ပြည်ချစ်သားမွန် တေးသဝဏ်” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | အချစ်နဲ့စစ်သား | ပြင်ပအဆိုရှင် |
| ၂။ | သွေးချင်းတို့ရဲ့ တပ်မတော်ရေ | ပြင်ပအဆိုရှင် |
| ၃။ | စစ်တက္ကသိုလ်မြေ | ပြင်ပအဆိုရှင် |
| ၄။ | အောင်ပွဲခံကာပြန်လာတဲ့အစ်ကို | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | အိမ်ပြန်ခဲ့မယ် | ပြင်ပအဆိုရှင် |
| ၆။ | ဇာနည်ကိုကို | ပြင်ပအဆိုရှင် |
| ၇။ | အချစ်စစ်သည် | ဌာနအဆိုရှင် |
| ၈။ | အလေးပြုလို့ ဂုဏ်ယူနေပါမယ် | ပြင်ပအဆိုရှင် |
| ၉။ | အောင်သပြေပန်းနဲ့အောင်ဆုချွေနေမယ် | ပြင်ပအဆိုရှင် |
| ၁၀။ | နီရဲတဲ့တို့သွေး | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၁။ | အိမ်အတူပြန်မယ့်လမ်း | ဌာနအဆိုရှင် |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ် (၁၃၄၄)၊ အကျယ်အဝန်း (၄၁ပေ × ၆၀ပေ)ရှိ ဒေါ်ခင်မြင့် (၁၂/ဗဟန (နိုင်) ၀၇၁၂၈၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မြင့် ၏အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၈၄၀၅/၂၀၂၂)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးထက်မြတ်အောင် (၁၁/စတန (နိုင်) ၀၅၆၄၃၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ကေဇင်လင်း (၈/စလန (နိုင်) ၀၀၁၃၃၃)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ မြေကွက်အမှတ် (၁၄၇၁) ဟု ခေါ်တွင်သော မြေအလျား x အနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်နန်းစိုးဦး (၁၂/သဃက(နိုင်)၀၀၂၆၈၄) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းရွှေ (၈/ခမန(နိုင်)၁၁၉၉၈၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသန်းဆွေဝင်း (၁/ကမန(နိုင်)၀၃၀၄၇၀)က အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၂၈၃) အောင်မြေသာစံခရိုင်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၂၄

**ကွယ်လွန်သူ ဦးစိန်မောင်–ဒေါ်ခင်ကြည် ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

